# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၃၈)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ၂၅-၄-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA၊ AA၊ PLA အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင်အချို့အပါအဝင် PDF အမည်ခံအကြမ်းဖက်အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင် အမျိုးသား ၄၇၀ နှင့် အမျိုးသမီး ၄၇ ဦး၊ ပေါင်း ၅၁၇ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးမှုများကြောင့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။ ထို့အတူ တပ်မတော်စစ်ကြောင်းများက တိုင်းဒေသကြီး/ပြည်နယ်များရှိ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် PDF အမည်ခံ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် နေရာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းများကြောင့် ပြည်သူများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်နေကြသည့်

စာမျက်နှာ ၉ သို့ ☆

ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများ အပ်နှံထားသော လက်နက်ခဲယမ်းများအား တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။

## မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် မြို့များသို့ လေယာဉ်ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲ



နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသား လေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်မြို့များသို့ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် L-410 လေယာဉ်ငယ်များဖြင့် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်အတွင်းရှိ မာန်အောင်မြို့နှင့် ကျောက်ဖြူမြို့များသို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်လေဆိပ်ကို အခြေပြု၍ ထားဝယ်မြို့၊ ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့များသို့လည်းကောင်း ယနေ့နံနက်ပိုင်းမှ စတင်ပျံသန်းပြေးဆွဲလျက်ရှိသည်။

လေယာဉ်ခရီးစဉ်ပျံသန်းမှုများအနေဖြင့် ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန်ခရီးစဉ်အား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာပြီး နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ အလားတူ မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် ခရီးစဉ်အား ယနေ့နံနက် ၈ နာရီတွင် မြိတ်မြို့မှ စတင်ထွက်ခွာခဲ့ပြီး နံနက် ၁၀ နာရီခွဲတွင် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ စနေနေ့ ။

## ဝါးမှ ချည်ချောထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိ

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ဝါးမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာဌာနများမှ ပညာရှင်များက ဝါးမှချည်မျှင်ထုတ်လုပ်သည့် ကဏ္ဍအလိုက် တင်ပြခြင်းများ၊ အဖွဲ့လိုက်ဆွေးနွေးခြင်းတို့ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့လိုက်ဆွေးနွေးရာတွင် ဝါးမှ ချည်ချောထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် ဆက်စပ်ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများနှင့်စပ်လျဉ်း၍ ဝါးကုန်ကြမ်းကွင်းဆက်နှင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ နည်းပညာနှင့် ထုတ်လုပ်မှုနည်းစဉ်ကဏ္ဍ၊ စက်ပစ္စည်းနှင့် ချည်ချောထုတ်လုပ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုနှင့် မူဝါဒရေးရာကဏ္ဍ စသည့် အုပ်စု(၄)စုဖြင့် ခွဲခြားဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အုပ်စုများတွင် သက်ဆိုင်ရာဌာန အသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အုပ်စု(၁)အနေဖြင့် ဝါးကုန်ကြမ်းကွင်းဆက်နှင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍနှင့်ပတ်သက်ပြီး ကုန်ကြမ်းအရည်အသွေးနှင့် မျိုးရွေးချယ်မှု၊ စိုက်ပျိုးမှုစနစ်နှင့် ရေရှည်တည်တံ့မှု၊ ကုန်ကြမ်းစုဆောင်းမှုနှင့် သယ်ယူပို့ဆောင်ရေးစသည့်အချက်များကိုလည်းကောင်း၊ အုပ်စု(၂)အနေဖြင့် နည်းပညာနှင့် ထုတ်လုပ်မှုနည်းစဉ်များနှင့်ပတ်သက်၍ ဝါးမှ Textile Grade Fiber ဖြစ်အောင် ဆောင်ရွက်မည့်နည်းလမ်းများ၊ မြန်မာနိုင်ငံအတွက် အဆင်ပြေသင့်တော်မည့် နည်းလမ်း၊ အဆိုပါနည်းလမ်း၏ ထုတ်လုပ်မှုနည်းစဉ်၊ အသုံးပြုရမည့် စက်ကိရိယာများ၊ စက်များရရှိနိုင်မှုအခြေအနေနှင့် အဆင့်မြှင့်တင် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အရည်အသွေးထိန်းကျောင်းစစ်ဆေးသင့်သည့်အချက်များ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်သင့်သည့်အချက်များ၊ မြန်မာနိုင်ငံရှိ MSME များအနေဖြင့် ဝါးမှ ချည်ချောထုတ်လုပ်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားအလိုက် ဆောင်ရွက်နိုင်မည့်အခြေအနေများ စသည့်အချက်များကိုလည်းကောင်း၊ အုပ်စု(၃)အနေဖြင့် စက်ပစ္စည်းနှင့် ချည်ချောထုတ်လုပ်မှုကဏ္ဍနှင့်ပတ်သက်၍ ကုန်ကြမ်းပြင်ဆင်ခြင်း၊ စက်ကိရိယာနှင့် နည်းပညာ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်၊ ကုန်ကျစရိတ်၊ စိန်ခေါ်မှုနှင့်ဖြေရှင်းမည့် နည်းလမ်းများ စသည့်အချက်များကိုလည်းကောင်း၊ အုပ်စု(၄)အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် မူဝါဒရေးရာကဏ္ဍနှင့်ပတ်သက်၍ မူဝါဒရေးရာ၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း၊ ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့များ၊ သက်ရောက်မှုများ လျှော့ချရေးနှင့် စီမံချက်(Action Plan) အကောင်အထည်ဖော်ရေးစသည့် အချက်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ သုတေသနအရာရှိ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာဌာန ပါမောက္ခ၊ ဌာနမှူး၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း အထွေထွေမန်နေဂျာ၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း) ဒုတိယစက်ရုံမှူးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းဆွေးနွေးတင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများက အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပြီး ဝါးမှ ချည်ချောထုတ်လုပ်သည့်လုပ်ငန်းကို အစိုးရ၏ ရက်(၁၀၀)စီမံကိန်းအတွင်း ပြီးစီးအောင် အထူးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၄

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်အထိ (ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဧပြီ ၃၀ ရက်ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်ကိုလည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဧပြီ ၂၄

ယနေ့ မွန်းလွဲ ၁ နာရီ ၃၃ မိနစ်၊ ၁၁ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၈၃ မိုင်ခန့် ကွာဝေးသော (မြန်မာ့ပင်လယ်ပြင်၊ ဖျာပုံမြို့၏ အရှေ့တောင်ဘက် ၇၂ မိုင်ခန့် အကွာ) မြောက်လတ္တီတွဒ် ၁၅ ဒသမ ၇၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၅၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၁(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## လေပြင်းတိုက်ခတ်နိုင်

နေပြည်တော် ဧပြီ ၂၄

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## သစ်လွင်ဓမ္မာရုံတွင် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပ



မန္တလေး ဧပြီ ၂၄

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၆လမ်းနှင့် ၁၆လမ်းရှိ သစ်လွင်ဓမ္မာရုံတွင် ယနေ့ နံနက်ပိုင်းက ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကျင်းပရာ မန္တလေးမြို့၊ စလင်းဝိဘဒ္ဓဝါဒီကျောင်းတိုက်မှ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တနန္ဒသာရ(မန္တလေးတိုင်းဒေသကြီး ဓမ္မစကူးလ်ကော်မတီ ဥက္ကဋ္ဌဆရာတော်)က သင်တန်းဖွင့်ပွဲတွင် သီလပေးတရား ဟောကြားသည်။ (အောက်ဝဲပုံ)

အဆိုပါယဉ်ကျေးလိမ္မာသင်တန်းကို ကျောင်းသား၊ကျောင်းသူ ၃၀ ဦး တက်ရောက်လျက်ရှိပြီး တာဝန်ခံသင်တန်းမှူး ဒေါ်စန်းစန်းရင်(အနီးယာဓမ္မစကူးလ်တာဝန်ခံ)နှင့် ဆရာမများက ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ ခုနစ်ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

## မန္တလေးတက္ကသိုလ် စာကြည့်တိုက်သို့ "အမှတ်တရ၏ အမှတ်တရ" စာအုပ် လှူဒါန်း

မန္တလေး ဧပြီ ၂၄

မန္တလေးတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ယာယီဖွင့်လှစ်ထားသော မန္တလေးတက္ကသိုလ် စာကြည့်တိုက်သို့ မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ဂုဏ်ပြု "အမှတ်တရ၏ အမှတ်တရ" စာအုပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ စာအုပ်စီစဉ်သူ စာရေးဆရာမသင်းသင်း(မန္တလာ)နှင့် စာရေးဆရာမ စု (စံ ၉ စံ)တို့က စာအုပ်ကို လှူဒါန်းရာ စာကြည့်တိုက် ဌာနမှူး ဒေါ်ခင်နှင်းယုက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။(ယာပုံ)

အဆိုပါစာအုပ်တွင် မန္တလေးမှ စာရေးဆရာ၊ ဆရာမများ၊ တေးရေးဆရာများဖြစ်သည့် စာရေးဆရာလေးမောင်(မဟာနွယ်စဉ်)၊ တေးရေး၊တေးဆို MZaw၊ ရှေ့နေမောင်မောင်ညို၊ ဝေမင်းသန့်(မန်းကျည်းဗုမ်)၊ စာရေးဆရာမ သင်းသင်း(မန္တလာ)နှင့် စု(စံ ၉ စံ)တို့က ပါဝင်ရေးဖွဲ့၊ ရေးစပ်ဂုဏ်ပြုထားကြကြောင်း သိရသည်။

(ဝဇိ၁)



**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydaily newspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# တပ်မတော်သားတို့သည် နိုင်ငံတော်အတွက် အသက်ကိုပင် စွန့်လွှတ်မည်ဟု ကတိသစ္စာပြုထားသူများဖြစ် နိုင်ငံတော်အတွက် သစ္စာရှိစွာ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်သောသူများကိုလည်း ချီးမြှောက်မှုများ ပြုလုပ်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၄

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ၍အမှာစကား ပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်သားများသည် နိုင်ငံတော်ကိုချစ်သောစိတ်၊ တိုင်းပြည်ကို ချစ်သောစိတ်တို့ဖြင့် မိမိဆန္ဒအလျောက် စွန့်လွှတ်စွန့်စားစွာ တာဝန် ထမ်းဆောင်နေသူများ ဖြစ်ကြောင်း၊ အလားတူ တပ်မတော်သားများ၏ ဇနီးများသည်လည်း ကောင်းတူဆိုးဖက် တာဝန်ကျရာနေရာတွင် ပါရမီဖြည့်ဖက်ကောင်းများအဖြစ် လိုက်ပါနေထိုင်၍ တပ်ရေးတပ်ရာကိစ္စရပ်များတွင် ပူးပေါင်းပါဝင်လုပ်ကိုင်လျက်ရှိကြကြောင်း၊ ထို့အပြင် တပ်မတော်သည် ရဲဘော်စိတ်ကို အခြေခံ၍ တည်ဆောက်ထားကာ အထက်အောက် လေးစားသော စိတ်ဓာတ်၊ ရွယ်တူကိုလေးစားသောစိတ်ဓာတ်၊ ငယ်သူကို ညှာတာသော စိတ်ဓာတ်ရှိသည့် ခိုင်မာသော အဖွဲ့အစည်းဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီမှ အဖွဲ့၊ တပ်စိတ်၊ တပ်စုအဆင့်ဆင့်သည် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် ရည်မှန်းချက် တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

တပ်မတော်သားများအတွက် စောင့်ထိန်း လိုက်နာရမည့် စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ ကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ကျင့်ဝတ်များကို လိုက်နာခြင်းဖြင့် အထက်အောက် ဆက်ဆံရေး၊ လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေး၊ ပြည်သူလူထုနှင့် ဆက်ဆံရေးများတွင် အဆင်ပြေနိုင်မည်ဖြစ်၍ ကျင့်ဝတ်အပါး ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းလိုက်နာရန် လိုအပ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ အသက်သွေးကြောဖြစ်၍ စည်းကမ်းနှင့်ပတ်သက်၍ အလျှော့ပေး၍မရကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်မှုမှ စားသောက်နေထိုင် သွားလာမှုများအထိ ထောင့်စုံအောင် သတ်မှတ်ထားသည့် စည်းကမ်းများရှိပြီး အိမ်ထောင်သည်လိုင်းစည်းကမ်း၊ တပ်ပြင်ထွက်ခွင့်စည်းကမ်း စသဖြင့် သတ်မှတ်ထားကာ လိုက်နာကြရန်လိုကြောင်း၊ စည်းကမ်း ချိုးဖောက်မှုများနှင့် ပတ်သက်၍ လျစ်လျူရှု၍မရကြောင်း၊ အိမ်ထောင်တစ်ခု၊ အဖွဲ့အစည်းတစ်ခုအတွင်း စည်းကမ်းချိုးဖောက်မှုကို လျစ်လျူရှုခြင်းသည် ၎င်းအိမ်ထောင်နှင့် အဖွဲ့အစည်းအတွင်း ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်ပေါ်စေကြောင်း၊ တာဝန်ရှိသူများ၏ ဘာသိဘာသာနေမှုသည် အဖွဲ့အစည်းကို ထိခိုက်စေသည်သာမက ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေနိုင်သဖြင့် စည်းကမ်းနှင့်အညီ ပြုပြင်ဆုံးမရန်လိုကြောင်း၊ သို့ဖြစ်၍ စည်းကမ်းနှင့်ပတ်သက်လာပါက အမိအဖစိတ်ဓာတ်၊ တပ်မှူးကောင်းစိတ်ဓာတ်တို့ဖြင့် မပြတ်သွန်သင်ဆုံးမခြင်းဖြင့် မကောင်းမှုကို တားမြစ်နိုင်ပြီး စည်းကမ်းကောင်းသောတပ်မတော်အဖြစ် အစဉ်ရပ်တည်နိုင်မည်ဖြစ်ကြောင်း။

အထက်ပါ စိတ်ဓာတ်နှင့် စည်းကမ်းကဲ့သို့ အရေးကြီးသော အချက်မှာ သစ္စာရှိမှုပင်ဖြစ်ကြောင်း၊ သစ္စာရှိမှုသည် တပ်မတော်သားတိုင်း အတွက် ဘဝနှင့်သက်ဆိုင်၍ လေးနက်မှုရှိကြောင်း၊ တပ်မတော်သားတို့သည် နိုင်ငံတော်အတွက် အသက်ကိုပင် စွန့်လွှတ်မည်ဟု ကတိသစ္စာပြုထားသူများဖြစ်ကြကြောင်း၊ နိုင်ငံတော်အတွက် သစ္စာရှိစွာ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်သောသူများကိုလည်း ချီးမြှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ သစ္စာရှိမှုဆိုရာတွင်လည်း နိုင်ငံတော်နှင့် တပ်မတော်အပြင် မိမိရဲဘော် ရဲဘက်နှင့် မိသားစုများအပေါ် သစ္စာရှိစွာ အမြဲစောင့်ထိန်းနေရန် အလေးအနက်ထား မှာကြားလိုကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီ၏ သစ္စာရှိစွာ လိုက်နာကျင့်ကြံမှုမှ အဖွဲ့အစည်းအပေါ်သက်ရောက်မှုရှိပြီး စည်းလုံးညီညွတ်မှုကိုလည်း တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှုကို အခြေခံ၍ တော်တည့်မှန်ကန်သော ခေါင်းဆောင်မှုပေးခြင်းဖြင့် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ တပ်မှူးလုပ်သူသည် မှန်ကန်သော အမိန့်ကိုပေးရန်လိုပြီး ၎င်းအမိန့်ကို လိုက်ပါဆောင်ရွက်နိုင်ရန်လည်း လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ ကောင်းမွန်သောခေါင်းဆောင်မှုနှင့် စည်းလုံးညီညွတ်မှုရှိသော တပ်ရင်း/တပ်ဖွဲ့သည် မည်သည့်ကိစ္စကိုမဆို အောင်မြင်အောင် လုပ်ဆောင်နိုင်ကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးခြင်းဟူသော အချက် ၄ ချက်နှင့်ပြည့်စုံခြင်းဖြင့် စွမ်းရည်သုံးရပ် ပြည့်စုံနိုင်မည်ဖြစ်ကြောင်း၊ စွမ်းရည် သုံးရပ်တွင်လည်း တပ်ရင်း/တပ်ဖွဲ့ တိုင်းသည် စစ်ရေးစွမ်းရည်ပြည့်ဝနေရန် အမြဲလေ့ကျင့်နေကြရန်လိုကြောင်း။

လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှုသည် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ ကျန်းမာရေးကြောင့် မလိုလားအပ်သော ပြန်းတီးမှုများ ဖြစ်ပေါ်လျက်ရှိပြီး တပ်မတော်အတွက် ဆုံးရှုံးမှုများဖြစ်ပေါ်သကဲ့သို့ မိသားစုများအတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်း၊ ကျန်းမာရေး၊ ပညာရေးနှင့် ဘာသာရေးတို့သည် မိမိကိုယ်တိုင် ကြိုးစားလုပ်ယူရသော ကိစ္စရပ်များဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးကို ကိုယ်စီဂရုစိုက်ကြရန်နှင့် ကျန်းမာရေးထိခိုက်စေသည့် အပျော်အပါးများကိုရှောင်ကြဉ်ရန် မှာကြားလိုကြောင်း။

ပညာရေးနှင့် ပတ်သက်၍ တပ်မတော်သားများ၏ သား/သမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံးတတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်မည် ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် တပ်မတော်နှင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ ထွက်ပေါ်လာအောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

တပ်မတော်သား များနှင့် မိသားစုဝင်များအနေဖြင့် ဗဟုသုတရစေသည့် ပြင်ပစာပေများကို ဖတ်ရှုလေ့လာရန်လိုကြောင်း၊ တပ်မတော်မှ ထုတ်ဝေဖြန့်ချိလျက်ရှိသော မဂ္ဂဇင်း၊ ဂျာနယ်များနှင့် သတင်းစာများကို အချိန်မီရရှိအောင် တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန် လိုကြောင်း၊ မူးယစ်ဆေးဝါး ကိစ္စများနှင့် ပတ်သက်၍သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်းလုံးဝ မပြုလုပ်ရန်နှင့် မိသားစုဝင်များပါ ကင်းကင်းရှင်းရှင်းရှိစေရေး ကြပ်မတ် သွန်သင်နေရန်လိုကြောင်း၊ အလားတူ လောင်းကစားခြင်းသည်လည်း ဆိုးရွားသော အကျိုးဆက်များကို ဖြစ်ပေါ်စေ၍ မိသားစုနှင့် လုပ်ငန်းတာဝန်များကိုပါ ထိခိုက်စေနိုင်ကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့်ပတ်သက်၍လည်း အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သဘောထား၍ သတင်းရရှိသည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာ တာဝန်ရှိသူများထံ အချိန်မီ သတင်းပို့ တားဆီးနိုင်ရန်လိုကြောင်း။

တပ်မတော် အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် လိုအပ်ချက်များကို အမြဲမပြတ် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ မိသားစုဝင်များအနေဖြင့်လည်း တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှု ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း။

မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်ဒေသတို့သည် တိုင်းရင်းသားပြည်သူလူထုအများစု နေထိုင်ရာနယ်မြေများဖြစ်၍ ဒေသခံတိုင်းရင်းသားများနှင့် ထိတွေ့ဆက်ဆံရာတွင် တပ်မတော်သားပီသစွာ ကျင့်ဝတ်နှင့်အညီ ပြုမူပြောဆိုရန်နှင့် ဒေသအလိုက် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာခဲ့ပါကလည်း အထက်အမိန့်မစောင့်ဘဲ ထိရောက်သောကူညီမှုများ ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်လေးစားမှုကိုရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကိုမေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်များရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲ အပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မိုင်းဖြတ် တပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို တပ်နယ်မှူးထံ ပေးအပ်စဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး သည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။


အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်များသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီးလိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**အားပေးစကားပြောကြား**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ဇနီး ဒေါ်နီလာ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား အားပေးစကားပြောကြားစဉ်။

# အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်း စီမံကိန်း(ပထမအဆင့်) စီမံကိန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် "အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်းစီမံကိန်း(ပထမအဆင့်)" ၏ စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။





အခမ်းအနားသို့သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးနှင့် ဦးခင်လတ်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မဲခေါင် - လန်ချန်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စွမ်းဆောင်ရည်မြှင့်တင်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက "အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်းစီမံကိန်း(ပထမအဆင့်)" သည် မြန်မာနိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၅) ဖြင့် အကောင်အထည်ဖော်သည့် စီမံကိန်းဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန်၊ လေထု၊ ရေထု၊ မြေထု အရည်အသွေးများကို ဆန်းစစ် အကဲဖြတ်နိုင်ရန်၊ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန်နှင့် အမျိုးသားပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်နိုင်ရေး အခြေခံအချက်အလက်များ စုဆောင်းနိုင်ရန်ရည်ရွယ်ပြီး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**များစွာအထောက်အကူပြု**

ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် အခြေအနေအဖြစ် ထိန်းသိမ်းနိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက် အထောက်အထားများအပေါ် အခြေခံပြီး စနစ်တကျ လေ့လာဆန်းစစ်နိုင်ရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ခွဲခန်း တည်ဆောက်ရန် မဖြစ်မနေလိုအပ်ကြောင်း၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ခွဲခန်း တည်ဆောက်ခြင်း စီမံကိန်းသည် မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စီမံကိန်း၏ ဒုတိယအဆင့်နှင့် တတိယအဆင့်များကိုလည်း သတ်မှတ်ကာလများ အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီထောက်ပံ့ပေးခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Minister Counsellor Dr. Zheng Znhongr (ဒေါက်တာ ကျန့်ကျစ်ဟုန်) နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က အမှာစကား ပြောကြားကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မန္တလေးဒေသရှိရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများအား ကွင်းဆင်းစစ်ဆေး

မန္တလေး ဧပြီ ၂၄

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ငလျင်ကြောင့် မန္တလေးဒေသရှိ အရိပ်မထွက်ဘုရား၊ ဘုရားနီဘုရား၊ မဟာမင်းထင်သစ်သား ဘုန်းကြီးကျောင်း၊ မဟာစန္ဒာမုနိဘုရားနှင့် မဟာမုနိဘုရားကြီးတို့ ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ အရိပ်မထွက်ဘုရား ထိခိုက်ပျက်စီးမှုနှင့် အလှူရှင်များ လှူဒါန်းမှုအရ ပြုပြင်နေမှုကို သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပြုပြင်ရာတွင် မူလလက်ရာမပျက် ပြုပြင်သွားရန်၊ ပြုပြင်ရာတွင် ပြန်လည်အသုံးပြုနိုင်သည့် ရှေးအုတ်များကို ပြန်လည်အသုံးပြုသွားရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အင်းဝခေတ်ဦးပိုင်းကတည်းက တည်ထားခဲ့သော ဘုရားနီဘုရားကို သွားရောက်စစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက ဘုရားကြီးအား ပြုပြင်ရာတွင် ရှေးမူမပျက်ပြုပြင်ရန်နှင့် မူလနှစ်ထပ်ဘုရားဖြစ်ကြောင်း ပေါ်လွင်စေရန်အတွက် ပြုပြင်သည့်အခါတွင် နှစ်ထပ်စေတီများအတွက် ပြုပြင်သည့်အတိုင်း တစ်ပါတည်းဆောင်ရွက်သွားရန်၊ အတွင်းနှစ်ထပ်စေတီအတွက် ချန်လှပ်ခဲ့ရာတွင် မိုးရေစိမ့်ဝင်ခြင်းမရှိအောင် ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မဟာမင်းထင် သစ်သားဘုန်းတော်ကြီးကျောင်းအား မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၏ ညှိနှိုင်းစီစဉ်မှု၊ ဂျပန်နိုင်ငံဘက်မှ လှူဒါန်းငွေတို့ဖြင့် ပြုပြင်နေမှုအခြေအနေကိုလည်းကောင်း၊ ဘိုးတော်ဗဒုံမင်း အေဒီ-၁၇၈၄ တွင် တည်ခဲ့သော မဟာစန္ဒာမုနိဘုရားခေါင်းလောင်း အထက်ပိုင်းနှင့် ပစ္စယံဆင့်များ ပြိုကျပျက်စီးမှုနှင့် အလှူရှင် လှူဒါန်းမှုဖြင့် မူလပုံသဏ္ဌာန်မပျက် ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ မဟာမုနိဘုရားရှိ ထိခိုက်ပျက်စီးခဲ့သည့် အာရုံခံတန်ဆောင်း၊ မုခ်ဦးများ၊ ဂန္ဓကုဋီတိုက်များ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့်အတူ မန္တလေးမြို့ရှိ Y Mandalay Hotel ၌ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးတို့ကို တစ်ပြိုင်တည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သည့်အတွက် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ခရီးသွားများကို မိမိတို့ဒေသခံရိုးရာဓလေ့များ၊ ရိုးရာအနုပညာရပ်များ၊ သမိုင်းဝင်နေရာများနှင့် ပိုမိုထိရောက်စွာ မိတ်ဆက်ပေးနိုင်မည့်အပြင် ယဉ်ကျေးမှုဆိုင်ရာခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသခံပြည်သူများ၏ ဝင်ငွေကိုလည်း တိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းအမွေအနှစ်များ စုံလင်စွာ တည်ရှိနေသည့် မြို့တစ်မြို့ဖြစ်ပြီး ယဉ်ကျေးမှုအခြေခံ ခရီးသွားလုပ်ငန်း (Cultural Tourism) ဖော်ဆောင်ရန် အထူးကောင်းမွန်သည့် ခရီးစဉ်ဒေသကြီး တစ်ခုဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ အားလုံးသည် အကျိုးရှိထိရောက်စွာ အသုံးချပြီး မြန်မာနိုင်ငံကို သွားလာလည်ပတ်စရာ ကောင်းမွန်သည့် ခရီးစဉ်ဒေသကြီး တစ်ခုအဖြစ် ကမ္ဘာက သိအောင် promotion and marketing ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်းမြို့များမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များက အသင်းအဖွဲ့အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ငလျင်ဒဏ်ခံ ဟိုတယ်များ လိုအပ်သည့် ထောက်ပံ့ကြေးငွေ ရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး၊ စက်သုံးဆီရရှိရေး ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး အဆုံးအဖြတ်ကိစ္စရပ်များကို နိုင်ငံတော်အစိုးရသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနပိုင် ငှားရမ်းဟိုတယ်ဖြစ်သည့် Mandalay Swan Hotel ကို လည်းကောင်း၊ ထွန်းလှဟိုတယ်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၂၄

"ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ်အခမ်းအနား"ကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) တွင် ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း က ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "For Every Generation, Vaccines Work" ဖြစ်ပြီး မြန်မာဘာသာဖြင့် "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏စွမ်းပကား" ဟု ဘာသာပြန်ဆိုထားပါကြောင်း၊ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးလုပ်ငန်းကို ၁၈၈၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပြီး ယခုအခါရောဂါ ၁၃ မျိုးကို ကာကွယ်သော ကာကွယ်ဆေးများကို ကမ္ဘာ့နိုင်ငံများနည်းတူ တိုးချဲ့ထိုးနှံပေးလျက်ရှိပြီး မျိုးဆက်တိုင်းကို ကာကွယ်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးလွှမ်းခြုံ မှုကို ဆန်းစစ်ရာတွင် ၂၀၂၁ ခုနှစ်၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကာကွယ်ဆေးများ၏ လွှမ်းခြုံမှုအခြေအနေမှာ ၅၀ ရာခိုင်နှုန်းအောက်သာ ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ကာကွယ်ဆေးများ၏ လွှမ်းခြုံမှု ရာခိုင်နှုန်းမှာ ၈၀ ရာခိုင်နှုန်းအထက် ရောက်ရှိခဲ့ပြီးဖြစ်သည့်အတွက် လွှမ်းခြုံမှုရာခိုင်နှုန်းများ ပြန်လည်တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်သမ္မတ၏ ရက်ပေါင်း(၁၀၀) စီမံချက်ကာလအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းပါရှိပြီး ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးအပြီး ခုနစ်ရက်အတွင်းတွင် ထိခိုက်ဒဏ်ရာရရှိသူများ၊ ကယ်ဆယ်ရေး အဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ဟန့်တား ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ကလေးမိဘများက အားကောင်းစွာ ပူးပေါင်း၍ ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ outbreak သဖွယ် အစုလိုက်ဖြစ်ပွားမှု မရှိပါကြောင်း၊ နိုင်ငံတော်မှလည်း ကာကွယ်ဆေးနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေမှ အလုံးစုံကျခံ၍ ဝယ်ယူသည့်နည်းလမ်း (Self-financing)၊ နိုင်ငံတော်နှင့် GAVI တို့ အချိုးကျထည့်ဝင်၍ ဝယ်ယူသည့်နည်းလမ်း (Co-financing) တို့ဖြင့် နှစ်စဉ် နိုင်ငံပိုင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်အထိ ကျခံသုံးစွဲလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးမှုမှတ်တမ်းတင် Documentary Story ပြသခြင်း၊ "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏စွမ်းပကား" တေးသီချင်း ဗီဒီယိုပြသခြင်းနှင့် တက်ရောက်လာသူများက ပြခန်းငယ်အားလှည့်လည်ကြည့်ရှုခြင်းများ(ဝဲပုံ) ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၊ ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ဆည်ခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

ကျောက်ဆည် ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျောက်ဆည်ခရိုင် လမ်းဦးစီးရိပ်သာ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေး ကဏ္ဍအလိုက် ဘက်စုံတိုးတက်စေဖို့ စိတ်ကောင်းစေတနာထား ဆောင်ရွက်ကြရန် အမှာစကားပြောကြားခဲ့ပြီး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ဦးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များကို ဌာနဆိုင်ရာများကိုယ်စား ခရိုင်မြေစာရင်းဦးစီး ဌာနမှူး ဦးဝင်းကျော်ဖြိုး၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများကိုယ်စား ခရိုင်ဆည်မြောင်း ဦးစီးဌာနမှူး ဦးနိုင်လင်းစိုးနှင့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများထံသို့ စီမံကိန်းရည်မှန်းချက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်တင်ထွေး

၀-၀-၀-၀-၀

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ မန္တလေးတိုင်းဒေသကြီးတွင် ရက်(၁၀၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဧပြီ ၂၄**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ မန္တလေးတိုင်းဒေသကြီးတွင် ရက်(၁၀၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အဆိုပါအစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် ဧပြီ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ရက်ပေါင်း(၁၀၀) စီမံချက်တွင် ပါဝင်သောလုပ်ငန်းများအနက် မန္တလေးတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း(၂၅)ချက်အား ရက်ပေါင်း(၁၀၀)အတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများ အနေဖြင့် ပြည်သူလူထု သိသင့်သိထိုက်သော အချက်အလက်များကို ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်ထားသည့်အစီအမံများ၊ ဘဏ္ဍာငွေကြေးသုံးစွဲရန် လျာထားမှုများ၊ ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်သောဌာနများနှင့် အခြားလိုအပ်ချက်များကို စာရင်းဇယားအချက်အလက် တိကျမှန်ကန်စွာဖြင့် အချိန်နှင့်တစ်ပြေးညီ ဆွေးနွေးတင်ပြသွားကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းစဉ်တစ်ခုချင်းစီကို သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုအတွင်း ပြီးစီးအောင် အတွေ့အကြုံများဖြင့် ပေါင်းစပ်၍ အကောင်းဆုံးဖြစ်အောင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများအတိုင်း လိုက်နာကာ စနစ်တကျကြပ်မတ်၍ ပိုင်းဝန်းကြိုးပမ်း ထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က မန္တလေးတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း(၂၅)ချက်အား ရက်ပေါင်း(၁၀၀) အတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်သွားနိုင်ရေး ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ပထမရက်ပေါင်း(၁၀၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း(၂၅)ချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နောင်ချို ဧပြီ ၂၄**

ပူတာအိုခရိုင်၊ နောင်မွန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ရှိမန်ကျေးရွာနှင့် လုံခါးကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၁၁ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားရှိသော မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်း၊ ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါ ကျေးရွာနှစ်ရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၄ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇ ဦးကို အရင်း မပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၁ ဒသမ ၂ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က ပြောသည်။

အောင်ရဲကျော်

## မီးဘေးကြိုတင်ကာကွယ်နိုင်စေရန် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဧပြီ ၂၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်ရှိ မင်္ဂလာဆေးရုံတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး ဦးဆောင်၍ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်ရှိ မင်္ဂလာဆေးရုံတွင် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်စော်မင်း

## သဲပုံစေတီတော်ကြီးအား စိန်ဖူးတော်၊ ရွှေထီးတော်အဆင့်ဆင့် တင်လှူပူဇော်မည်

**မန္တလေး ဧပြီ ၂၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မုန့်တီစုရပ်ရှိ ဉာဏ်တော် ၂၅ ပေရှိ သဲပုံစေတီတော်ကြီးအား စိန်ဖူးတော်၊ ရွှေထီးတော်အဆင့်ဆင့်နှင့် ငှက်မြတ်နားတော်တို့ တင်လှူပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မဟာဝါဠုကစေတီယ အသင်းသားတစ်ဦးထံမှ သိရသည်။

အဆိုပါ စေတီတော်ကြီးကို ယင်းနေ့ နံနက် ၆ နာရီက စတင်၍ မဟာဝါဠုကစေတီယအသင်းသားများက တည်ထားကြမည်ဖြစ်ပြီး နံနက် ၁၀ နာရီခွဲတွင် စေတီတော်ကြီး အထွတ်သို့ ရွှေထီးတော်အဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြမည်ဖြစ်သည်။

ဉာဏ်တော် ၂၅ ပေရှိ သဲပုံစေတီတော်ကြီး၌ ရွှေထီးတော်များနှင့် စိန်ဖူးတော်တင် လှူပူဇော်ကြချိန်တွင် အလှူရှင်များက ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြမည်ဖြစ်ပြီး၊ စေတီတော်ကြီးအတွက် ထုံးသင်္ကန်းနှင့် ဘုရားပန်းများ လှူဒါန်းလိုကြသော အလှူရှင်များ၊ ရွှေမိုး၊ ငွေမိုးရွာသွန်းကြမည့် အလှူရှင်များအနေဖြင့် သဲပုံစေတီတော်ဂေါပကအဖွဲ့ထံ ကြိုတင်ဆက်သွယ်ဆောင်ရွက်ကြပါရန် ဂေါပကအဖွဲ့မှ နိုးဆော်ထားကြောင်း သိရသည်။ (ဝ၅၃)

# ဒူးနာခြင်းသဘောသဘာဝနှင့် ကုစားရာနည်းအဖြာဖြာ

**မျိုးထက်**

ဒူးဆစ်ထိခိုက်ဒဏ်နာဖြစ်တာကလွဲလို့ ဒူးနာတဲ့အကြောင်းရင်းကို လေ့လာကြည့်ရအောင်။ အသက်ကြီးလာတဲ့သူတိုင်း တစ်ချိန်မဟုတ် တစ်ချိန် ကြုံဆုံရတဲ့ ဝေဒနာတွေထဲမှာ ဒူးနာတာတစ်ခု အပါအဝင် ဖြစ်ပါတယ်။

ဒူးဆစ်လှုပ်ရှားတဲ့အခါ အရိုးချင်းမပွတ်မိအောင် အရိုးထိပ်မှာရှိတဲ့ အရိုးနုက ကူရှင်(Cushion)လို ကာကွယ်ပေးထားတယ်။ အသက်အရွယ်ရလာတဲ့အခါ အဲ့ဒီကူရှင်က ပါးလာတယ်။ နောက်တဖြည်းဖြည်းနဲ့ ပျက်စီးလာတယ်။ နောက်ဆုံးမှာ အဲ့ဒီအရိုးနု ပျက်စီးသွားပြီး အရိုးချင်းပွတ်တိုက်ရာက နာကျင်ကိုက်ခဲတဲ့ ဝေဒနာဖြစ်လာပါတယ်။ ဒါက သဘာဝအတိုင်းဖြစ်လာတဲ့ ဖြစ်စဉ်ဒူးနာပါ။

ဒီဖြစ်စဉ်မှာ လူက ဝမယ်၊ ဒူးကွေးပြီး ထိုင်တာများမယ်၊ အတက်၊ အဆင်းများမယ်၊ အလေးအပင်ထမ်းတာ၊ ရွက်တာများတဲ့သူတွေဆိုရင် ဒူးပိုနာပါလိမ့်မယ်။ တစ်ဆက်တည်းမှာပဲ ဆီးချိုသွေးချို၊ ဂေါက်အဆစ်ရောင်၊ လေးဖက်နာရောဂါအခံရှိသူတွေဆိုရင် ဒူးနာဝေဒနာ ပိုဆိုးနိုင်ပါတယ်။

ဒီနေရာမှာ ကြားဖြတ်ပြောချင်တာက ဘယ်လိုကြောင့်ပဲ ဒူးနာနာ အနင်းအနှိပ်မလုပ်ပါနဲ့လို့ အထူးပြောချင်ပါတယ်။ အများစုက ဘယ်နေရာနာနာ၊ ဘယ်နေရာကိုက်ကိုက် အရင်ဆုံး၊ အဦးဆုံး နှိပ်ကြလေ့ရှိပါတယ်။ မနှိပ်ကြပါနဲ့။ အထူးသဖြင့် ထိခိုက်ဒဏ်ရာရပြီးဖြစ်တဲ့ နာကျင်ကိုက်ခဲမှုတွေဆိုရင် မနင်းမနှိပ်ကြပါနဲ့။


ဆက်ပြီး ပြောရရင် ဒူးနာတယ်ဆိုရင် ဆန်းစစ်အဖြေရှာပါ။ ထိခိုက်ဒဏ်ရာရတာကလွဲပြီး ဖြစ်လာတဲ့ ဒူးနာဆိုရင် အသက်အရွယ်ကြောင့်လား၊ အပြုအမူလုပ်ငန်းဆောင်တာကြောင့်လား၊ အတက်၊ အဆင်းများလို့လား၊ လမ်းလျှောက်များလွန်းတာလား၊ နည်းလွန်းတာလား၊ ခန္ဓာကိုယ် အပိန်၊ အဝ စတဲ့ ရောဂါအခံ ရှိ၊မရှိ စသဖြင့် အဦးဆုံး ဆန်းစစ်ပါ။ စဉ်းစားရခက်ပါက အရိုးအဆစ်ကု သမားတော်များနဲ့ တိုင်ပင်ဆွေးနွေးကုသပါ။ တိုင်းရင်းဆေးသမားတော်များနဲ့လည်း ကုသနိုင်ပါတယ်။ တိုင်းရင်းဆေးကုထုံးတွေမှာ သောက်ဆေး၊ လိမ်းဆေး၊ စည်းဆေး၊ ဆေးကြပ်ထုပ်၊ အပ်စိုက်ကုသမှု စတဲ့ ကုထုံး ကုကွက်တွေ ရှိပါတယ်။

အသက် ၅၀ ကျော်၊ ၇၀ နှစ်အထက် နှစ်ရှည်ဒူးနာနေသူတွေ၊ လမ်းလျှောက်ခက်လာတဲ့အထိ ဖြစ်လာသူတွေ၊ လေ့ကျင့်ခန်းကုထုံးတွေလုပ်ပြီး မသက်သာသူတွေ၊ ဓာတ်မှန်စစ်ချက်အရ အဆစ်ပုံသဏ္ဍာန်ဆိုးရွားသူတွေ၊ ဒူးအကွေးအဆန့်ခက်ခဲနေသူတွေဆိုရင်တော့ ဒူးဆစ်အစားထိုးတာတွေ လုပ်သင့်ပါတယ်။ ငွေကုန်ကြေးကျတော့ များပါလိမ့်မယ်။ ဒူးဆစ်အစားထိုးခြင်းကို ထိုင်းနိုင်ငံမှာ သွားလုပ်ကြတာ တွေ့ရပါတယ်။

ဒူးဆစ်အစားထိုးတယ်ဆိုတာက ယိုယွင်းနေတဲ့ ဒူးဆစ်ပိုင်း အရိုးနုနဲ့ အရိုးမျက်နှာပြင်တွေကို ဖယ်ရှားပြီး သတ္တုနဲ့ဆေးဘက်ဆိုင်ရာနည်းပညာနဲ့ လုပ်ထားတဲ့ အစားထိုး(Implant)ပစ္စည်းကို တပ်ဆင်ပေးတာဖြစ်ပါတယ်။ ခွဲစိတ်အစားထိုးပြီးရင်တော့ ဒူးဆစ် ပုံမှန်လှုပ်ရှားနိုင်ပြီး နာကျင်မှုလည်း သက်သာသွားမှာ ဖြစ်ပါတယ်။

ဒူးဆစ်အစားထိုးလုပ်ပြီး ခြောက်လအတွင်းမှာ ၉၅ ရာခိုင်နှုန်းကျော်က နာကျင်တာတွေသက်သာပြီး လမ်းပုံမှန်လျှောက်နိုင်ကြတယ်လို့ သိရပါတယ်။ ဒူးတစ်ဖက်တည်း အစားထိုးမယ်ဆိုရင် မြန်မာငွေကျပ် ၃၅၁ သိန်း (ထိုင်းဘတ်ငွေ ၂၇၀၀၀၀)၊ နှစ်ဖက်စလုံးအစားထိုးလုပ်မယ်ဆိုရင် မြန်မာငွေကျပ် ၅၈၅ သိန်း(ထိုင်းဘတ်ငွေ ၄၅၀၀၀၀)ကုန်ကျစရိတ်ရှိတယ်လို့ သိရပါတယ်။ ဒါက ၂၀၂၆ ခုနှစ် ဈေးနှုန်းပါ။

ဒူးနာစေတဲ့ သဘောသဘာဝကို ထပ်ပြီးလေ့လာကြည့်ရအောင်ပါ။ ဒူးဆစ်မှာဆိုရင် ရေဓာတ် ၈၀ ရာခိုင်နှုန်းလောက်ပါဝင်နေပါတယ်။ အသက် ၄၅ နှစ်နောက်ပိုင်းရောက်တဲ့အခါ ရေဓာတ်၊ အစိဓာတ်တွေ လျော့နည်းလာပါတယ်။ အစိဓာတ်လျော့တာနဲ့အမျှ ဒူးဆစ်မှာရှိတဲ့ အရိုးနု အခုအခံကူရှင်တွေ ပျက်စီးပြီး အရိုးချင်းပွတ်တိုက်လာပါတယ်။ ပွတ်တိုက်မှုကြောင့် နာကျင်မှုတွေ ဖြစ်လာပါတယ်။




နောက်တစ်ချက်က သကြားနဲ့ ဆီကြော်မုန့်တွေစားတိုင်း ဒူးဆစ်တွေကို ရောင်ရမ်းနာကျင်စေတယ်လို့ ဆိုပါတယ်။ ဒီအချက်ကလည်း ဒူးနာတာနဲ့ပတ်သက်လို့ ထူးထူးကဲကဲပါပဲ။ လေ့လာဆန်းစစ်သင့်ပါတယ်။

အသက် ၄၅ကျော်လာတဲ့အခါ နှစ်စဉ် ကော်လာဂျင်ဓာတ် ၁ ရာခိုင်နှုန်းလျော့နည်းသွားတယ်လို့ ဆိုပါတယ်။ ဒူးဆစ်ရဲ့အခုအခံကူရှင်ပျက်စီးနှုန်းကလည်း ၁၀ ရာခိုင်နှုန်းအထိ ရှိလာပါတယ်။ အဲ့ဒါကြောင့် ပုံမှန်အနေအထားအတိုင်း ပြန်မကောင်းနိုင်တော့ပါဘူး။

ဒူးဆစ်နာကျင်ကိုက်ခဲမှုကို သက်သာစေမယ့် နည်းလမ်း၊ ဆေး၊ အစာတွေကို လေ့လာကြည့်ရအောင်။

အိုမီဂါ(၃)ကို နေ့စဉ်လုံလုံလောက်လောက် သောက်ပေးရင် ရက်သတ္တပတ် ရှစ်ပတ်အတွင်း ရောင်ရမ်းနာကျင်မှုကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်တယ်လို့ သိရပါတယ်။ နေ့စဉ် ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ အိုမီဂါ(၃)ပမာဏကိုတော့ လေ့လာမှတ်သားရပါမယ်။

အစားအစာ မစားခင် မိနစ် ၃၀ အလိုမှာတင်ကြိုပြီး ရေသောက်ရပါမယ်။ ရေသောက်ခြင်းဖြင့် ဒူးဆစ်မှာရှိတဲ့ အရိုးနုဆီ တိုက်ရိုက်ရောက်ပြီး လိုအပ်တဲ့ အစိဓာတ်ကို ဖြည့်ဆည်းပေးရာ ရောက်တယ်လို့ ဆိုပါတယ်။ တစ်နေ့ ရေရှစ်ဖန်ခွက်လောက် သောက်ပေးရင် ဒူးဆစ်နာကျင်မှုကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်တယ်လို့ သိရပါတယ်။

ဒူးနာကိုက်ခဲနာကျင်တဲ့အခါ အိုင်ဗျူပရိုဖန်လို အကိုက်အခဲပျောက်ဆေးတွေ သောက်ကြလေ့ရှိပါတယ်။ အကိုက်အခဲပျောက်ဆေးအများစုက အစာအိမ်ကို ထိခိုက်စေတတ်ပါတယ်။ ငရုတ်ကောင်းနဲ့ နနွင်းပေါင်းစပ်ဆေးက အိုင်ဗျူပရိုဖန်လို အစွမ်းအာနိသင်ရှိပြီး အစာအိမ်ကို မထိခိုက်စေပါဘူး။ နေ့စဉ် ပုံမှန်ပမာဏစားပေးရင် ကိုက်ခဲနာကျင်မှုကို ၅၈ ရာခိုင်နှုန်းအထိ လျှော့ချစေနိုင်တယ်လို့ ဆိုပါတယ်။ ငရုတ်ကောင်းနဲ့ နနွင်းပေါင်းစပ်မှု အချိုးအဆကို တိတိကျကျ ဖော်ပြထားတာ မတွေ့မိသေးပါ။ ဆက်ပြီး ရှာဖွေလေ့လာရပါဦးမည်။

အနှစ်ချုပ် လမ်းညွှန်ချက်လည်း ရှိပါတယ်။ နံနက်စာနဲ့အတူ အိုမီဂါ(၃) သောက်ပါ။ နှစ်နာရီခြား တစ်ခါ ရေသောက်ပါ။ တစ်နေ့ နှစ်ကြိမ် နနွင်းစားပေးပါ။ သုံးပတ်အတွင်း နာကျင်မှုတွေ ပျောက်သွားပါလိမ့်မယ်။ ရှစ်ပတ်အတွင်း ဒူးရှိတယ်ဆိုတာ မေ့သွားပါလိမ့်မယ်တဲ့။

တိုင်းရင်းဆေးအရောင်းဆိုင်တွေမှာ နနွင်းလုံးဆေး အလွယ်တကူ ဝယ်လို့ရပါတယ်။ ဆေးအညွှန်းများလည်း ပါရှိပါတယ်။

ဒူးနာသက်သာစေမယ့် နည်းလမ်းတစ်ခုကိုလည်း ပြောပြချင်ပါတယ်။ လိုအပ်တဲ့ ပစ္စည်းတွေကတော့ နကျယ်အိမ်(အိမ်နံရံ ဒါမှမဟုတ် သစ်သားတွေမှာ နကျယ်ကောင်တွေ မြေကြီးနဲ့ ဆောက်ထားတဲ့ အိမ်အလွတ်)၊ ဗာဒံရွက်၊ သံပရာသီး၊ ဒူးစွပ်တို့ ဖြစ်ပါတယ်။

နကျယ်အိမ်ကို အမှုန့်ဖြစ်အောင် ထုချေပါ။ သံပရာရည်နဲ့ ပျစ်ပျစ်လေးဖျော်ပါ။ ရလာတဲ့ဆေးကို ဒူးနှစ်ဖက်စလုံး(တစ်ဖက်တည်း နာတယ်ဆိုရင်လည်း တစ်ဖက်သာ)လိမ်းပေးပါ။ ဆေးလိမ်းထားတဲ့ အပေါ်ကနေ ဗာဒံရွက်အုပ်ပြီး ဒူးစွပ်စွပ်ပေးပါ။ တစ်နေ့ကို နှစ်ကြိမ်မှ သုံးကြိမ်အထိ လုပ်ပေးပါ။ ဗာဒံရွက်နဲ့ ဒူးစွပ်မရှိလည်း ဆေးသက်သက်လိမ်းပေးနိုင်ပါတယ်။ နာတာရှည်ဒူးနာသူတွေ အတွက် အသုံးတည့်ပါလိမ့်မယ်။

နောက်တစ်နည်းကတော့ အရိုးအထူးကုဆရာဝန်ကြီးတစ်ဦးရဲ့ လမ်းညွှန်ချက်ပဲ ဖြစ်ပါတယ်။ ဒူးဆစ်အတွင်း ပျက်စီးနေတဲ့ အရိုးနုတွေကို အမြန်ဆုံးပြန်လည်အားဖြည့်ပေးတဲ့ သဘာဝအစားအစာကို ထုတ်ဖော်ပြောထားတာပါ။ အဲ့ဒါကတော့ အရိုးပြုတ်ရည်(Bone Broth)ပဲ ဖြစ်ပါတယ်။ အရိုးပြုတ်ရည်က ကော်လာဂျင်ဓာတ် ကြွယ်ဝပါတယ်။ အရိုးပြုတ်ရည်ကို စနစ်တကျပြုတ်ပြီး ပုံမှန်သောက်ပေးမယ်ဆိုရင် ဒူးဆစ်ကြား(အဆစ်တွေကြား)ပွန်းပဲ့နေတဲ့ အရိုးနုတွေအတွက် လိုအပ်တဲ့ ကော်လာဂျင်နဲ့ အာဟာရဓာတ်တွေကို ဖြည့်တင်းပေးရာ ရောက်ပါတယ်။ ဒူးနာတာနဲ့ အဆစ်ရောင်ရမ်းတာတွေ သိသိသာသာ သက်သာပြီး လှုပ်ရှားသွားလာရ ကောင်းမွန်လာစေမှာဖြစ်ကြောင်း လေ့လာစုဆောင်းတင်ပြလိုက်ပါတယ်။ (မိမိနှစ်သက်ရာ အရိုးကို အသုံးပြု ပြုတ်သောက်နိုင်ပါတယ်။)

## (၂၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများကျင်းပနိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**လားရှိုး ဧပြီ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့မှ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၃၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲဝင်းနှင့် တွဲဖက်အတွင်းရေးမှူး အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးကိုကိုနိုင်တို့က ပြိုင်ပွဲကျင်းပရန်အတွက် လုပ်ငန်းလိုအပ်ချက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီအဖွဲ့ဝင်များက မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် လုပ်ငန်းလိုအပ်ချက်များအား ဆွေးနွေးတင်ပြကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များအား သက်ဆိုင်ရာဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**လူမော်(ပြန်/ဆက်)**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အစ္စရေး-လက်ဘနွန် အပစ်အခတ်ရပ်စဲရေးသက်တမ်းတိုးရန် သဘောတူ

**နယူးယောက် မေ ၂၄**

အစ္စရေးနှင့် လက်ဘနွန်တို့သည် လွန်ခဲ့သည့် တစ်ပတ်က စတင်အသက်ဝင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးကာလကို သက်တမ်းတိုးရန် သဘောတူညီခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၂၃ ရက်တွင် ပြောကြားသည်။




ထရမ့်က အဆိုပါ အပစ်အခတ်ရပ်စဲရေးကာလမှာ သုံးပတ်ကျော်အထိ ကြာမြင့်နိုင်ကြောင်း၊ လက်ဘနွန်နှင့် အစ္စရေးတို့မှ အဆင့်မြင့်အရာရှိများပါဝင်သည့် အစည်းအဝေးကြီးတစ်ရပ် ကျင်းပခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။

လာမည့် ရက်သတ္တပတ်အနည်းငယ်အတွင်း လက်ဘနွန်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့ အိမ်ဖြူတော်၌ တွေ့ဆုံနိုင်မည်ဟု ရည်မှန်းထားကြောင်းလည်း ၎င်းက ဆိုသည်။

မူလအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မှာ ၁၀ ရက်ဖြစ်သည်။ တိုက်ပွဲများ အပြီးတိုင် အဆုံးသတ်ရေးအတွက် အမေရိကန်က ဆက်လက်စေ့စပ် ညှိနှိုင်းပေးလျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## အမေရိကန်ပြည်ထောင်စုရှိ အတ္တလန်တာတိရစ္ဆာန်ဥယျာဉ်သို့ တရုတ်နိုင်ငံက ပန်ဒါဝက်ဝံကြီးနှစ်ကောင် ပေးပို့သွားမည်

**ပေကျင်း မေ ၂၄**

တရုတ်နိုင်ငံက အမေရိကန်ပြည်ထောင်စုရှိ အတ္တလန်တာ တိရစ္ဆာန်ဥယျာဉ်သို့ ဆယ်စုနှစ်တစ်ခုကြာ ထိန်းသိမ်းစောင့်ရှောက်ရေး သဘောတူညီချက်အသစ်အရ ပန်ဒါဝက်ဝံကြီးနှစ်ကောင်ကို ပေးပို့သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၅ နှစ်အတွင်း ပန်ဒါသားပေါက် ခုနစ်ကောင်အထိ မွေးဖွားပေးနိုင်ခဲ့သည့် ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်စတင်ရန်အတွက် တရုတ် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းက မေ ၂၄ တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

၎င်းတို့မှာ ချင်ဒူးပန်ဒါမျိုးပွားရေးသုတေသနစခန်းတွင် မွေးဖွားခဲ့သည့် အဖို ပင်းပင်းနှင့် အမ ဖူရှမ်းတို့ဖြစ်ပြီး တိရစ္ဆာန်ဥယျာဉ်နှင့် အသင်းတို့အကြား ယခင်နှစ်က ရရှိခဲ့သော သဘောတူညီချက်အရ အတ္တလန်တာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ပေကျင်းမြို့တော်တွင် ကျင်းပသော ကမ္ဘာ့အကြီးဆုံးကားပြပွဲသို့ ဝါသနာအိုး ထောင်ပေါင်းများစွာ လာရောက်ကြမည်ဟု မျှော်လင့်ရ

**ပေကျင်း မေ ၂၄**

ကမ္ဘာ့အကြီးဆုံး မော်တော်ကားပြပွဲကို တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် မေ ၂၄ ရက်က စတင်ကျင်းပရာ ဈေးကွက်အတွင်းရှိ နောက်ဆုံးပေါ်နည်းပညာမြင့် မော်တော်ကားပုံစံသစ်များကို ကြည့်ရှုလေ့လာရန် ကားဝါသနာအိုး ထောင်ပေါင်းများစွာ လာရောက်ကြမည်ဟု မျှော်လင့်ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



တရုတ်နိုင်ငံ၏ မော်တော်ကားဈေးကွက်တွင် တစ်ချိန်က ဖောက်စ်ဝက်ဂွန်၊ တိုယိုတာနှင့် ဘီအမ်ဒဗလျူကဲ့သို့သော ပြည်ပအခြေစိုက် ကားကုမ္ပဏီကြီးများက လွှမ်းမိုးထားခဲ့သော်လည်း လျှပ်စစ်ကားထုတ်လုပ်မှု နည်းပညာနှင့် ဈေးနှုန်းချိုသာမှုတို့တွင် သာလွန်သည့် ပြည်တွင်းကုမ္ပဏီများကြောင့် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ဈေးကွက်ဝေစုများ လျော့နည်းဆုံးရှုံးခဲ့ရသည်။

ဘီဝိုင်ဒီ၊ ရှောင်မီနှင့် ရှပင်းကဲ့သို့သော တရုတ်ထုတ်လုပ်သူများသည် ယခုအခါ ၎င်းတို့၏ လျှပ်စစ်ကားများတွင် ဉာဏ်ရည်တု ဆော့ဖ်ဝဲလ်များနှင့် အလိုအလျောက် မောင်းနှင်သည့် နည်းပညာများကို ပေါင်းစပ်ထည့်သွင်းရာတွင် ရှေ့တန်းမှ ဦးဆောင်နေကြသည်။

မြို့တော်ရှိ နေရာနှစ်ခုတွင် ယှဉ်တွဲကျင်းပသည့် အဆိုပါ တရုတ်မော်တော်ကားပြပွဲသည် စတုရန်းမီတာ ၃၈၀၀၀၀ ကျယ်ဝန်းပြီး ဘောလုံးကွင်း ၅၀ မက ကျယ်ပြန့်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## STOP AIDS

## အသက် ၁၆ နှစ်အောက်အရွယ် ကလေးသူငယ်များ လူမှုမီဒီယာအသုံးပြုခြင်းကို နော်ဝေ၌ ပိတ်ပင်သွားမည်

**အော်စလို မေ ၂၄**

နော်ဝေအစိုးရသည် အသက် ၁၆ နှစ်အောက် ကလေးငယ်များ လူမှုမီဒီယာအသုံးပြုခြင်းကို ပိတ်ပင်ရန် အဆိုပြုသွားမည်ဖြစ်ပြီး လူငယ်အသုံးပြုသူများ၏ အသက်အရွယ်ကို စစ်ဆေးအတည်ပြုရန် နည်းပညာကုမ္ပဏီများတွင် တာဝန်ရှိစေမည်ဖြစ်ကြောင်း သိရသည်။

ကလေးငယ်များကို ကလေးဘဝပီသစွာ ဖြတ်သန်းစေလိုသည့်အတွက် ဤဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျိုးနပ်စ်ဂါးစတိုးက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ကလေးငယ်များ၏ ကစားခုန်စားမှု၊ သူငယ်ချင်းအပေါင်းအသင်းများနှင့် နေ့စဉ်ဘဝတို့သည် အယ်လ်ဂိုရီသမ်များနှင့် ဖုန်းမျက်နှာပြင်များ၏ လွှမ်းမိုးခြင်းကို မခံရစေရန် လိုအပ်ကြောင်းနှင့် ဤသည်မှာ ကလေးငယ်များ၏ ဒစ်ဂျစ်တယ်ဘဝကို ကာကွယ်ရန် အရေးကြီးသည့် အစီအမံတစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ဥပဒေကြမ်းကို ၂၀၂၆ ခုနှစ် မကုန်ဆုံးမီ လွှတ်တော်သို့ တင်သွင်းသွားမည်ဟု အနည်းစု အလုပ်သမားပါတီအစိုးရက ထပ်လောင်းပြောကြားထားကြောင်း သိရသည်။

**Mon**

## ဟိမဝန္တာတောင်တန်းတွင် တောင်တက်ရာသီ စတင်ချိန်၌ပင် တောင်တက်လမ်းကြောင်းပေါ်၌ ရေခဲပြင်ကြီး ပိတ်ဆို့နေ

**ခတ္တမန္ဒူ မေ ၂၄**

ဟိမဝန္တာတောင်တန်းတွင် တောင်တက်ရာသီစတင်ချိန်၌ပင် နီပေါနိုင်ငံဘက်ခြမ်းရှိ ဧဝရက်တောင်ခြေစခန်းမှ တက်ရောက်မည့် လမ်းကြောင်းပေါ်၌ အလွန်ကြီးမားပြီး မတည်ငြိမ်သည့် ရေခဲပြင်ကြီးတစ်ခုက ပိတ်ဆို့နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့အမြင့်ဆုံးတောင်၏ လျှောက်တွင် ကြိုးများနှင့် လှေကားများ တပ်ဆင်ပြုပြင်ပေးရသူများအနေဖြင့် စခန်း(၁)၏ အောက်ဘက်တွင်ရှိသော အမြင့်ပေ ၁၀၀ (မီတာ ၃၀)ခန့်ရှိသည့် အဆိုပါရေခဲတုံးကြီးကို ကျော်ဖြတ်ရန် နည်းလမ်းရှာမရဘဲဖြစ်နေသည်။



ဆာရက်ဟု ခေါ်ဆိုသည့် အဆိုပါရေခဲတုံးကြီး အရည်ပျော်သွားမည့်အချိန်ကို စောင့်ဆိုင်းရန်မှတစ်ပါး အခြားရွေးချယ်စရာမရှိကြောင်းနှင့် ရက်အနည်းငယ်အတွင်း အရည်ပျော်သွားလိမ့်မည်ဟု ၎င်းတို့က မျှော်လင့်ထားကြောင်း သိရသည်။ **Mon**

## လူဝီစီယားနားပြည်နယ်ရှိ ဈေးဝယ်စင်တာတစ်ခုတွင် ပစ်ခတ်မှုဖြစ်ပွား တစ်ဦး သေဆုံး၊ ငါးဦး ဒဏ်ရာရ

**ဝါရှင်တန် မေ ၂၄**

အမေရိကန်ပြည်ထောင်စု၊ လူဝီစီယားနားပြည်နယ်ရှိ ဈေးဝယ်စင်တာတစ်ခုတွင် ယမန်နေ့က သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားရာ လူတစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဘေတွန်ရူးချ်မြို့ရှိ လူဝီစီယားနားမောလ်အတွင်းရှိ စားသောက်ဆိုင်တန်းတွင် အုပ်စုနှစ်စု အချင်းများရာမှတစ်ဆင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘေတွန်ရူးချ်ရဲတပ်ဖွဲ့က အတည်ပြုသည်။

အခင်းဖြစ်နေရာအနီး ရှိနေသည့် အပြစ်မဲ့သူအချို့လည်း ကျည်ထိမှန်မှုများ ရှိခဲ့ကြောင်း ရဲမင်းကြီး သောမတ်စ်မော့စ်ဂျူနီယာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ ပစ်ခတ်မှုနှင့် ဆက်နွယ်၍ သံသယရှိသူ ငါးဦးကို ဖမ်းဆီးထိန်းသိမ်းထားသည်ဟု ဖြစ်ပွားပြီး နာရီပိုင်းအကြာတွင် ရဲတပ်ဖွဲ့က ထုတ်ပြန်ထားကြောင်း သိရသည်။

**Mon**

☆ ရှေ့ဖုံးမှ

တပ်မတော်သားများကို ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာအားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့မှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက် ခုခံလိုခြင်းမရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ အမြင်မှန်ရရှိကာ အေးချမ်းစွာနေထိုင်လိုကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် နီးစပ်ရာတပ်စခန်းများရှိ တာဝန်ရှိသူများထံ သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်မျိုးစုံ ၃၁ လက်နှင့် လက်ပစ်ဗုံး/ဗုံးသီး ၄၈ လုံး၊ စကားပြောစက်တစ်လုံး၊ ကျည်အိမ်မျိုးစုံ ၃၅ ခု၊ ကျည်မျိုးစုံ ၁၂၉၈ တောင့်၊ မိုင်းမျိုးစုံ သုံးလုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန် ရိုင်ဖယ်သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်း၊ လက်လုပ်သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း နှုန်း၊ လက်ပစ်ဗုံး/ဗုံးသီး တစ်လုံးစီအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှုန်း၊ စကားပြောစက်တစ်လုံးအတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်းနှင့် အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင်ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၇၁၂ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြသည်။

### တည်ခင်းဧည့်ခံ

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက အပ်နှံထားသော လက်နက်ခဲယမ်းများအား ကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကာ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၅၈ ဦး၊ အမျိုးသမီး ငါးဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသားလေးဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသားနှစ်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား တစ်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသားရှစ်ဦး၊ အမျိုးသမီးသုံးဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား လေးဦး၊ အမျိုးသမီးတစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီးသုံးဦး၊ မြစ်သားမြို့နယ်မှ အမျိုးသားတစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ နောင်ချိုမြို့နယ်မှ အမျိုးသားလေးဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၁၁၈ ဦး၊ အမျိုးသမီး ကိုးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး တစ်ဦး၊ စဉ့်ကူးမြို့နယ်မှအမျိုးသား ၁၃၈ ဦး၊ အမျိုးသမီး ၁၅ ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား ၂၂ ဦး၊ အမျိုးသမီးလေးဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား ၁၃ ဦး၊ ကျောက်ပန်းတောင်း မြို့နယ်မှ အမျိုးသား လေးဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ကိုးဦး၊ အမျိုးသမီး လေးဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး တစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသား သုံးဦး၊ ဆိပ်ဖြူမြို့နယ်မှ အမျိုးသား တစ်ဦး၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊ မင်းလှမြို့နယ်မှ အမျိုးသား နှစ်ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ ရေနံချောင်းမြို့နယ်မှ အမျိုးသား တစ်ဦး စုစုပေါင်း အမျိုးသား ၄၇၀ နှင့် အမျိုးသမီး ၄၇ ဦး ပေါင်း ၅၁၇ ဦးဖြစ်သည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်အများစုသည် မိသားစုဝင် ဆွေမျိုးများအား ခြိမ်းခြောက်အကြပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများ ဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှု မရှိတော့ဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင် အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများ၏ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-



၁။ MDY–PDF တွေ ကျွန်တော်တို့ သပိတ်ကျင်းမြို့နယ်ထဲ ဝင်ရောက်လာတဲ့အခါမှာ တစ်အိမ်တစ်ယောက်အနေနဲ့ မဖြစ်မနေ ဝင်ရမယ့်စနစ်လို့ သူတို့ပြောတယ်။ ပြောတဲ့အခါမှာ ကျွန်တော်တို့ တကယ်လို့မဝင်ရင် မိသားစုတွေကို အန္တရာယ်ပေးမယ် ဒုက္ခပေးမယ်ဆိုလို့ ကျွန်တော်တို့ဝင်ခဲ့ရပါတယ်။ ရောက်တဲ့အချိန်မှာ သင်တန်းကာလမှာ ကျွန်တော်တို့ကို ငှက်ပျောတောဆိုတဲ့ နေရာကို ပို့ပါတယ်။ ငှက်ပျောတောကနေပြီးတော့ သတ္တုတွင်းဆိုတဲ့နေရာကို ပို့ပါတယ်။ သတ္တုတွင်းကနေပြီးတော့ ရှမ်း(မြောက်)ကို ရောက်ပါတယ်။ ကျွန်တော်တို့ရတဲ့ ပိုက်ဆံတွေကိုလည်း အထက်အရာရှိကို ပြန်ပေးဆောင်ရတာ ဖြစ်ပါတယ်။ ဒါပေမဲ့သူတို့ကပြည်သူတွေအတွက် သုံးတာမတွေ့ရပါဘူး။ သူတို့ကိုယ်ကျိုးကောင်းစားဖို့အတွက်ပဲ သုံးတာတွေကို ကျွန်တော်တို့ တွေ့ရှိခဲ့ပါတယ်။ တချို့ ညီငယ်ညီမငယ်တွေကိုလည်း ရောင်းစားတာတွေလည်းရှိတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီစနစ်ကို မကြိုက်လို့ဒီမှာလည်းမနေချင်လို့ထွက်ပြေးခဲ့တာလည်းဖြစ်ပါတယ်။ အဖွဲ့အစည်းကနေ ထွက်ပြေးလာတဲ့အချိန်မှာ အခုတပ်မတော်ထံမှာ အလင်းလာဝင်တာပဲ ဖြစ်ပါတယ်။ တပ်မတော်ထံမှာ အလင်းလာဝင်တဲ့အချိန်မှာလည်း တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးအားလုံး အဆင်ပြေအောင် လုပ်ပေးပါတယ်။ ညီအစ်ကိုလိုပဲ အားလုံးကို ဆက်ဆံပါတယ်။ အဖွဲ့ထဲမှာ ကျန်ခဲ့တာ ညီအစ်ကိုမောင်နှမတွေ သူငယ်ချင်းတွေလည်း တပ်မတော်ထံမှာ အလင်းလာဝင်ဖို့ ဖိတ်ခေါ်ပါတယ်။



၂။ ဒီအဖွဲ့အစည်းထဲရောက်သွားရတာကတော့ အိမ်နဲ့အဆင်မပြေတာနဲ့ သူငယ်ချင်းတွေဆီသွားရင်းနဲ့ သူငယ်ချင်းတွေက သူတို့နဲ့လိုက်ခဲ့ ဟိုမှာလုပ်ငန်းအဆင်ပြေတယ်ပေါ့။ အစစအရာရာ အဆင်ပြေတယ်ဆိုပြီး ခေါ်သွားတယ်။ ဟိုမှာအကြမ်းဖက်တွေဆီ ရောက်သွားတယ်။ အဲဒီလိုမျိုးခေါ်သွားမယ်လို့လည်း မသိဘူး။ လုပ်ငန်းကောင်းတယ်ဆိုပြီး ခေါ်သွားပြီး ဒီအကြမ်းဖက်ထဲမှာပဲ နေခိုင်းတယ်။ နေခိုင်းပြီးတော့ မနေရင် နင်တို့ကို တစ်ခုခုလုပ်မှာ ငါတို့ ပို့ငွေနေရာတွေသိသွားပြီဆိုတော့ ကျွန်တော်တို့ကို မပြန်ခိုင်းဘူး။ မပြန်ခိုင်းဘဲနဲ့ သင်တန်း တစ်လလောက် ပေးတယ်။ သင်တန်းမှာလည်း ထမင်းနပ်မှန်အောင်လဲ မစားခဲ့ရဘူး။ သင်တန်းပြီးတော့ ရွှေဘိုမှာ တာဝန်ကျတယ်။ ကျွန်တော်တို့ကို နောက်တန်းမှာထားတယ်။ ရှေ့တန်းက ထိခိုက်ဒဏ်ရာရသူတွေနဲ့ ထားတယ်။ ထိခိုက်ဒဏ်ရာရသူတွေကို ထမင်းချက်ကျွေးရတယ်။ သူတို့ရဲ့ ဝေယျာဝစ္စတွေ လုပ်ခဲ့ရတယ်။ ပြည်သူတွေဆီက လက်နက်ခဲယမ်းဖိုး တစ်နေ့ကို သိန်း ၂၀၀ လောက် ကောက်တယ်။ အလှူငွေရတယ်။ ဘာလုပ်လဲဆိုတော့ သူတို့ ကောင်းစားဖို့ သူတို့ မိသားစုအတွက်ပဲ လုံးပန်းတယ်။ နောက်တန်းက ရဲဘော်တွေကို တစ်ယောက်မှ လှည့်မကြည့်ခဲ့ဘူး။ ကျွန်တော်တို့ဆို ထမင်းငတ်တဲ့နေ့တွေလည်းရှိတယ်။ ထမင်းပုံမှန်မစားခဲ့ရဘူး။ ရှေ့တန်းက ထိလာတဲ့ ရဲဘော်တွေလည်း အများကြီးပဲ။ သူတို့ဆိုလည်း ကျန်းမာရေး မကောင်းရင်တောင်မှသူတို့ဘာသာသူတို့ ပေတေနေခဲ့ရသူတွေ လည်းရှိတယ်။ ဒါပေမဲ့ သူတို့က လုံးဝ(လုံးဝ) လှည့်မကြည့်ခဲ့ဘူး။ သူတို့ကျတော့ ကားအကောင်းစားကြီးတွေ စီးတယ်။ သူတို့ မိသားစုတွေနဲ့ သွားလာပျော်ပါးတယ်။ အဲဒီလိုတွေရှိတယ်။ ကျွန်တော်တို့ဖြစ်ချင်တဲ့ ဆန္ဒလည်း မပေးဘူး။ အခွင့်အရေးဆိုတာလည်း မရှိခဲ့ဘူး။ မိဘက အဆင်မပြေလို့ ထောက်ပံ့ချင်ရင်တောင်မှ သူတို့က မပေးဘူး။ ထိခိုက်ဒဏ်ရာ ရနေသူတွေကို စောင့်ရှောက်ခိုင်းတယ်။ သူတို့ကိုယ်တိုင်လည်း လုပ်မပေးဘူး။ ပြီးရင်ဆေးဝါးတွေလည်း မပြည့်စုံဘူး။ ကျွန်တော်တို့နဲ့ပဲ ပစ်ထားတယ်။ သူတို့သွားချင်ရာသွားတယ်။ တစ်ခါတလေမှ ကျွန်တော်တို့ဆီလာတယ်။ လာပြီးတော့လည်း ဆူငေါက်သွားတယ်။ အာဏာတွေ သုံးပြီးတော့ ကောင်းမလေးနှစ်ယောက်၊ ကျွန်တော်တို့ထဲကပဲ မိဘတွေကလည်း ကျန်းမာရေးချို့တဲ့၊ အိမ်နဲ့လည်း မဆက်သွယ်ခိုင်းဘူး။ ဖုန်းတွေလည်း သိမ်းထားတယ်။ သူတို့က ထွက်ပြေးတယ်။ ထွက်ပြေးတဲ့အချိန် သူတို့နှစ်ယောက်ပြန်မိလာတယ်။ မိလာတော့ ညှဉ်းပန်းနှိပ်စက်တယ်။ ဗိုက်ကြီးသည်ကိုလည်း ဗိုက်ကြီးသည်မို့ မညှာဘူး ညှဉ်းပန်းနှိပ်စက်တယ်။ ညှဉ်းပန်းနှိပ်စက်ပြီးတော့ သူတို့ကို ထောင်ထဲထည့်တယ်။ ထောင်ထဲ ထည့်တော့လည်း၊ ထောင်ထဲမှာလည်း သူတို့ မကျေနပ်မချင်း သူတို့ကိုရိုက်တယ်။ အဲဒါ ကျွန်တော်ကလည်း သူတို့ အကြမ်းဖက် နှိပ်စက်မှုတွေကို မခံနိုင်လို့ ကျွန်တော်လည်း ဒီဘက်ကို အလင်းဝင်လာတဲ့ သူငယ်ချင်းတွေနဲ့ ချိတ်ဆက်ပြီးတော့ တပ်မတော်မှာလာပြီး အလင်းဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော့်လိုမျိုး အသက်မပြည့်သေးတဲ့ ညီငယ် ညီမငယ်တွေလည်း အဖွဲ့အစည်းထဲမှာ ကျန်နေပါသေးတယ်။ သူတို့လည်း ကျွန်တော်တို့လိုပဲ အလင်းဝင်ချင်ပါတယ်။ သူတို့လေးတွေ အလင်းဝင်နိုင်ဖို့အတွက် သက်ဆိုင်ရာ လူကြီးမင်းတွေကိုလည်း အကူအညီတောင်းချင်ပါတယ်။ သမီးလည်း နောက်နောင် ဒီအကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ မပတ်သက်တော့ပါဘူးလို့ကတိပေးပါတယ်။ စာမျက်နှာ ၁၀ သို့ ☆

☆ စာမျက်နှာ ၉ မှ

၃။ ကျွန်တော်တို့အဲဒီအဖွဲ့အစည်း ထဲရောက်သွားတဲ့ အကြောင်း ရင်းကတော့ ကျွန်တော်တို့ မြို့ကို သိမ်းပြီးတော့ ကျွန်တော် တို့ကို TNLA ကနေ စစ်မှု ထမ်းခေါ်တယ်။ စစ်မှုထမ်းခေါ်တဲ့ အချိန်ကျတော့ မဖြစ်မနေစစ်မှု ထမ်းရမယ်။ အဲဒီလိုပြောတဲ့ အချိန်မှာ ကျွန်တော်တို့ကလည်း ရှင်းရှင်းပြောရရင် စစ်မှုမထမ်း ချင်ဘူး။ အဲဒီအချိန်မှာ ကျွန်တော် တို့ကို ပကဖအဖွဲ့အစည်း ကနေ ဒီအဖွဲ့အစည်းထဲဝင်လာ ခဲ့ပါ။ ဒီအဖွဲ့အစည်းထဲဝင်ပြီး သွားရင် မင်းတို့ကို စစ်မှုလည်း မထမ်းခိုင်းတော့ဘူး။ မင်းတို့ ထွက်ချင်တဲ့အချိန် ပြန်ထွက်လို့




ရတယ်ဆိုပြီးတော့ ကျွန်တော် တို့ကိုအယုံသွင်းပြီး လိမ်ခေါ်လာ ခဲ့တယ်။ ကျွန်တော်တို့ ပြန်ထွက် မယ်ပြောတော့သူတို့ကပေးလည်း မထွက်တော့ပါဘူး။ ထွက်ချင်ရင် တစ်ယောက် ၁၀ သိန်းပေးရမယ် ဆိုပြီး ပြောပါတယ်။ သင်တန်းကို သုံးလခွဲ တက်ရပါတယ်။ သင်တန်းတက်တဲ့ အချိန်မှာ တောထဲတောင်ထဲမှာ ဆိုတော့ အနေဆင်းရဲတယ်။ စားတဲ့ အခါကျတော့လည်း ထမင်း အသိုးတွေနဲ့လည်း စားခဲ့ရတယ်။ လုံးဝမစားရတဲ့ ရက်တွေလည်း ရှိတယ်။ ကျွန်တော်တို့ကို အမြဲတမ်းအပြစ်မရှိ အပြစ်ရှာ ပြီးရိုက်တယ်။ ရိုက်ပြီးမိုက်မိုက် ရိုင်းရိုင်းလည်း ဆဲပါတယ်။ ကျွန်တော်တို့ သင်တန်းဆင်းပြီး တော့ ကျွန်တော်တို့ မိုးကုတ် မှာပဲ တာဝန်ထမ်းဆောင်ရတယ်။ ကျွန်တော်က အသက်မပြည့်သေး တဲ့အတွက် သူတို့က ရှေ့တန်းကို မထွက်ခိုင်းဘူး။ နောက်တန်းမှာပဲ သူတို့အတွက်အလှူခံပြီး ပိုက်ဆံ ရှာပေးရတယ်။ ပြည်သူတွေဆီက အလှူခံထားတဲ့ ငွေတွေကိုလည်း သူတို့တွေက အလွဲသုံးစားလုပ် တယ်။ အောက်ကရဲဘော်တွေကို မကြည့်ကြဘူး။ ပြီးရင် မူးယစ် ဆေးသုံးတဲ့သူတွေလည်းရှိတယ်။ ခေါင်းဆောင်ပိုင်းထဲက အဲဒီလိုမျိုး ပြည်သူတွေဆီက အလှူခံထားတဲ့ ငွေကိုလည်း သူတို့အပျော်အတွက် သုံးကြတယ်။ ကျွန်တော်တို့အဲဒီမှာ နေရတာကျတော့ ကျွန်တော်တို့ အဘွားအရွယ်လောက်ရှိတဲ့ အမေ အိုကြီးကို သူတို့ယောကျ်ား သားတွေ နှစ်ယောက်၊ သုံးယောက် လောက်က ဘာမှမဟုတ်ဘဲနဲ့ သက်သေ မခိုင်လုံတဲ့ကိစ္စတွေနဲ့ ပတ်သက်လို့ ချုပ်နှောင်တယ်။ ပြီးတော့ ဖိနပ်တွေနဲ့ ဝိုင်းရိုက်တာ မျိုးတွေလည်းရှိတယ်။ ကျွန်တော် တို့လည်း သူတို့ရဲ့ညှဉ်းပန်းနှိပ်စက် မှုတွေကြည့်ပြီး ကျွန်တော်တို့ကို ကျွန်တော်တို့ ရှက်လာတယ်။ ပြီးတော့ ကျွန်တော်တို့ မှားနေပြီ ထင်ပြီး တပ်မတော်ထံ အလင်း ဝင်လာတယ်။ ကျွန်တော်တို့ အလင်းဝင်လာတဲ့ အခါမှာလည်း တပ်မတော်က တာဝန်ရှိသူတွေ က နွေးနွေးထွေးထွေးကြိုဆို တယ်။ လိုလေသေးမရှိအောင် ထားပါတယ်။ ပြီးတော့ မကြာခင် မှာ ကျွန်တော်တို့မိဘတွေနဲ့ ပြန်တွေ့ရတော့မှာပါ။ တောထဲ မှာ ကျန်ခဲ့တဲ့သူငယ်ချင်းတွေ လည်း မိသားစုတွေနဲ့ ပြန်တွေ့ ကျဖို့ တပ်မတော်ထံ အလင်းဝင် ကြဖို့ ကျွန်တော့်အနေနဲ့ ဖိတ်ခေါ် ပါတယ်။

သတင်းစဉ်



## တောင်ဇင်းကျေးရွာ၌ ပေါ့ဆမှုကြောင့် လူနေအိမ်တစ်လုံးနှင့် ဂိုထောင်အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွား

**ညောင်ဦး ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တောင်ဇင်း ကျေးရွာ ဗျတ္တယာယီဈေးအနီး တွင် ပေါ့ဆမှုကြောင့် လူနေအိမ် တစ်လုံးနှင့် ဂိုထောင်အဆောက် အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ ကြောင်း ညောင်ဦးမြို့နယ် မီးသတ် ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက် ညနေ ၅ နာရီခန့်က ညောင်ဦး မြို့နယ်၊ တောင်ဇင်းကျေးရွာနေ ဦးမှတ်ကြီးသည် မိမိနေအိမ်၏ အရှေ့ဘက် ခုနစ်ပေခန့်အကွာ တွင် အမှိုက်ပုံအား မီးရှို့ခဲ့ရာမှ တစ်ဆင့် ၄င်းပိုင်ဆိုင်သော (၁၂ ပေ×၁၅ပေ)ရှိ သွပ်မိုး၊ ထရံကာ နေအိမ်သို့ မီးကူးစက် လောင် ကျွမ်းခဲ့ပြီး ထိုမှတစ်ဆင့်ကပ် လျက်ရှိ (၁၅×၁၅)ပေရှိ သွပ်မိုး၊ သံဆန်ခါကာထားသော ပစ္စည်း ဂိုထောင် အဆောက်အအုံတစ်လုံး ထပ်မံ၍ မီးလောင်ကျွမ်းခဲ့ကြောင်း သိရကာ အဆိုပါမီးလောင်မှုအား ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း ဦးဆောင်သော ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် ခရိုင်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊တောင်ဇင်း နယ်မြေမီးသတ်စခန်းမှ တပ်ကြပ် ကြီးသိန်းကျော်နှင့် မီးသတ်တပ်ဖွဲ့ ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ နှင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၅ နာရီ မိနစ် ၂၀ တွင် မီးငြိမ်း သွားခဲ့သည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ မီးလောင်မှုနှင့်ပတ် သက်၍ ပေါ့ဆမှုကြောင့် မီး လောင်မှုဖြစ်စေခဲ့သူ တောင်ဇင်း ကျေးရွာနေ ဦးမှတ်ကြီးဆိုသူအား ညောင်ဦးမြို့မရဲစခန်းမှ ဥပဒေ အရ အမှုဖွင့်အရေးယူ ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀-၀

## စားသောက်ဆိုင် မီးလောင်မှုဖြစ်ပွား

**တနိုင်း ဧပြီ ၂၄**

ကချင်ပြည်နယ်၊ တနိုင်း မြို့နယ်၊ ဆွတ်ငိုင်ရပ်ကွက်၌ ပိုင်ရှင် ဦးကောင်းမြတ်အောင် (၃၄)နှစ်ဆိုသူ၏ 'ဆွမ်ဘရာဘွမ်' စားသောက်ဆိုင်ရှိ (၈×၈)ပေ၊ သွပ်မိုး၊ ထရံကာမီးဖိုခန်းတွင် ကိုအောင်ကြီး(၂၆)နှစ်ဆိုသူမှ ထင်း မီးဖိုဖြင့် ဟင်းများချက်ပြုတ်၍ လူစောင့်မရှိဘဲ ထားခဲ့ရာမှတစ် ဆင့် အနီးရှိ ဝါးထရံသို့ မီးကူး စက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် တနိုင်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ ဝင်များသည် မီးသတ်ယာဉ် သုံး စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၃၀ တွင် မီးငြိမ်း ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် (၈×၈)ပေ၊ သွပ်မိုး၊ ထရံကာ မီးဖိုခန်း တစ်ခန်း၊ (၆×၆)ပေ၊ သွပ်မိုး၊ ထရံကာဆိုင်ခန်းတစ် ခန်း၊ (၁၀×၆ )ပေ၊ သွပ်မိုး၊ ထရံ ကာ တစ်ထပ် အမျိုးသားဝန် ထမ်းအိပ်ဆောင် တစ်လုံး၊ (၁၆ ×၁၀)ပေ၊ သွပ်မိုး၊ နံကပ်တစ် ထပ် အမျိုးသားဝန်ထမ်း အိပ် ဆောင်တစ်လုံး၊ (၇၂×၆)ပေ၊ သွပ်မိုး၊ ထရံကာတစ်ထပ် အမျိုး သမီးဝန်ထမ်းအိပ်ဆောင်တစ်လုံး၊ HONDA AIRWAVE မော် တော်ယာဉ် တစ်စီး၊ TOYO- TA MARK II (နံပါတ်ပြား မရှိ) မော်တော်ယာဉ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့ပြီး ချက်ပြုတ် ရေးတာဝန်ခံဖြစ်သူ အောင်ကြီး ဆိုသူအား တနိုင်းမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မူးယစ်ဟူက တိုက်ဖျက်ကြ။

## တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၄**

သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တော ထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးကို ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထုအခြေပြုစောင့် ကြပ်ကြည့်ရှုသတင်းပို့စနစ် (Co mmunity Monitoring and Reporting System CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ ဧပြီ ၆ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၊ ပြည် နယ်နှင့်တိုင်းဒေသကြီးသစ်တော ဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၅ ဒသမ ၀၄၃၀ တန်၊ သစ်မာ ၆၁ ဒသမ ၃၄၄၀ တန်၊ အခြား ၁၉၀ ဒသမ ၄၆၇၇ တန် စုစုပေါင်း ၂၆၆ ဒသမ ၈၅၄၇ တန်၊ ယာဉ်/ယန္တရား ငါးစီး၊ ပြစ်မှုကျူးလွန်သူ ၁၆ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တော ဦးစီးဌာနမှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

## ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပင်းတယ ဧပြီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့နယ်၌ ယာဉ်တိုက်မှု ဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ် ရာရရှိခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ဧပြီ ၁၃ ရက် မွန်းလွဲ ၃ နာရီတွင် ရှမ်းပြည် နယ်၊ ပင်းတယမြို့နယ်၊အော်ယော ရပ်ကွက်၊ ပင်းတယ-အောင်ပန်း သွားကားလမ်းပေါ်၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ ပင်းတယမြို့မရဲစခန်းမှ တပ်ဖွဲ့ ဝင်များက သွားရောက်စစ်ဆေး ရာ အောင်ပန်းမြို့မှ ပင်းတယမြို့ ဘက်သို့ ပင်းတယမြို့နယ်၊ရွာငယ် ရပ်ကွက်နေ ဦးစိုးတင့်(၅၈)နှစ် ဆိုသူမောင်းနှင်လာသည့် HI- JET မော်တော်ယာဉ်အား လားရာတူနောက်မှ ကလော မြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ရှင်းသန့်နောင်(၁၉)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်း နေ မရွှန်းလဲ့ဝေ(၁၈)နှစ်ဆိုသူ လိုက်ပါလာသည့် LUOJIA 110 ဆိုင်ကယ်က အရှိန်မထိန်း နိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ရှင်းသန့်နောင်နှင့် မရွှန်းလဲ့ဝေ ဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ရှင်းသန့်နောင် ဆိုသူအား ပင်းတယမြို့မရဲစခန်း မှ ဥပဒေအရ အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မော်တော်ယာဉ်မှ လမ်းဖြတ်ကူးသူအား တိုက်မိခဲ့မှုကြောင့် ကလေးငယ်တစ်ဦးသေဆုံး

**မကွေး ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီး၊ ဆင် ပေါင်ဝဲမြို့နယ်၌ မော်တော်ယာဉ် တစ်စီးမှ လမ်းဖြတ်ကူးသူအား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် ကလေးငယ်တစ်ဦး သေဆုံးခဲ့ သည်။

ဖြစ်စဉ်မှာ ဧပြီ ၁၃ ရက် မွန်းလွဲ ၁ နာရီက မကွေးတိုင်း ဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ဆင်ပေါင်ဝဲ-ကိုးပင်သွားကား လမ်း မိုင်တိုင်အမှတ် ၆ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ယာဉ် တိုက်မှုဖြစ်ပွားကြောင်း သတင်း အရ ဆင်ပေါင်ဝဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ တောင်တွင်းကြီး မြို့မှ ဆင်ပေါင်ဝဲမြို့ဘက်သို့ ဆင် ပေါင်ဝဲမြို့နယ်၊ ကျွဲခြံကျေးရွာနေ အောင်ဆန်းဦး(၃၂)နှစ်ဆိုသူ မောင်း နှင်လာသော CANTER မော် တော်ယာဉ်သည် အခင်းဖြစ်နေရာ အရောက်၌ လမ်းဖြတ်ကူးသူ မောင်ထူးခန့်အောင်(၇)နှစ်ဆိုသူ အား ဝင်ရောက်တိုက်မိခဲ့သဖြင့် သေဆုံးသွားခဲ့သောကြောင့် အောင် ဆန်းဦးဆိုသူအား ဆင်ပေါင်ဝဲ မြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**








# ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲအဆင့်သို့ စတုဂတ်အသင်း တက်ရောက်



**မြူးနစ် မေ ၂၄**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲအဆင့်သို့ စတုဂတ်အသင်း တက်ရောက်နိုင်ခဲ့သည်။

စတုဂတ်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဂျာမန်ပိုကယ်ဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ဖရိုင်းဘတ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် စတုဂတ်အသင်းသည် လာမည့် မေ ၂၄ရက်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(အပေါ်ဓာတ်ပုံ)**

**(NGB)**

## 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Fiona Ferro တက်ရောက်

**လန်ဒန် မေ ၂၄**

ပေါ်တူဂီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပြင်သစ်တင်းနစ်မယ် Fiona Ferro တက်ရောက်ခဲ့သည်။



အဆိုပါ ပြင်သစ်တင်းနစ်မယ် Fiona Ferro သည် 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ချက်တင်းနစ်မယ် Lucie Havlic-kova အား ၆-၂၊ ၀-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပြင်သစ်တင်းနစ်မယ် Fiona Ferro နှင့် ရုရှားတင်းနစ်မယ် Elena Pri-dankina တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(ဓာတ်ပုံ)**

**(NGB)**

## ယာမဲလ် ပေါင်ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိ

**ဘာစီလိုနာ မေ ၂၄**

ဘာစီလိုနာအသင်း တောင်ပံကစားသမား ယာမဲလ်သည် ပေါင်ဒဏ်ရာကြောင့် ယခုနှစ် ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းက ဆဲလ်တာဗီဂိုအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

တောင်ပံကစားသမား ယာမဲလ်



ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘာစီလိုနာအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက် တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမား ယာမဲလ်သည် ဘာစီလိုနာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၅ပွဲကစားပြီး ၂၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(NGB)**

## နည်းပြ ဂျော်ဂျီယော့စ်ဒိုးနစ်အား နည်းပြသစ်အဖြစ် ဆော်ဒီအာရေဗျအသင်း ခန့်အပ်

**လန်ဒန် မေ ၂၄**

ဆော်ဒီအာရေဗျအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂျော်ဂျီယော့စ်ဒိုးနစ်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဂရိကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဆော်ဒီအာရေဗျအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။



အသက်(၅၆)နှစ်အရွယ်ရှိ ဂျော်ဂျီယော့စ်ဒိုးနစ်က "ကျွန်တော် ဆော်ဒီအာရေဗျအသင်း နည်းပြအဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်မှုရရှိဖို့အတွက် အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(ဓာတ်ပုံ) (NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အိုဗီဒိုအသင်းနှင့် ဗလင်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

* တိုရီနိုအသင်းသည် အသင်းလူငယ်ဂိုးသမား ဆီဗီယာရိကို ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။ **(NGB)**

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၂၅-၄-၂၀၂၆<br>ညနေ ၆း၃၀ နာရီ | (၁၈)အလာဗက်စ် –<br>(D,W,D,D,L) | မာယော့ကာ(၁၆)<br>(W,L,W,W,D) | အလာဗက်စ် ၁-၀ မာယော့ကာ<br>မာယော့ကာ ၁-၁ အလာဗက်စ် |
| ၂၅-၄-၂၀၂၆<br>ည ၈း၄၅ နာရီ | (၆)ဂီတာဖေး –<br>(L,W,W,L,W) | ဘာစီလိုနာ(၁)<br>(W,L,W,W,W) | ဂီတာဖေး ၁-၁ ဘာစီလိုနာ<br>ဘာစီလိုနာ ၁-၀ ဂီတာဖေး |
| ၂၅-၄-၂၀၂၆<br>ည ၁၁း၀၀ နာရီ | (၁၄)ဗလင်စီယာ –<br>(L,W,L,L,D) | ဂျီရိုနာ(၁၂)<br>(W,L,W,D,L) | ဗလင်စီယာ ၂-၀ ဂျီရိုနာ<br>ဂျီရိုနာ ၁-၁ ဗလင်စီယာ |
| ၂၆-၄-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | (၄)အတ်သလက်တီကို –<br>(W,L,L,L,L) | ဘီလ်ဘာအို(၉)<br>(L,W,L,L,W) | အတ်သလက်တီကို ၁-၀ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၀-၁ အတ်သလက်တီကို |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၂၅-၄-၂၀၂၆<br>ည ၇း၃၀ နာရီ | (၃)လိုင်ယွန် –<br>(L,L,D,W,W) | အော်ဇေး(၁၆)<br>(L,W,D,D,D) | လိုင်ယွန် ၂-၂ အော်ဇေး<br>အော်ဇေး ၁-၃ လိုင်ယွန် |
| ၂၅-၄-၂၀၂၆<br>ည ၁၁း၃၀ နာရီ | (၁၃)အန်ဂါးစ် –<br>(L,L,D,L,D) | ပီအက်စ်ဂျီ(၁)<br>(W,W,W,L,W) | အန်ဂါးစ် ၂-၄ ပီအက်စ်ဂျီ<br>ပီအက်စ်ဂျီ ၁-၀ အန်ဂါးစ် |
| ၂၆-၄-၂၀၂၆<br>နံနက် ၀၁း၃၅ နာရီ | (၁၁)တူးလော့စ် –<br>(W,L,L,L,L) | မိုနာကို(၇)<br>(W,W,W,L,D) | တူးလော့စ် ၁-၁ မိုနာကို<br>မိုနာကို ၂-၀ တူးလော့စ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၂၅-၄-၂၀၂၆<br>ည ၇း၃၀ နာရီ | (၁၄)ပါမား –<br>(L,L,D,D,W) | ပီဆာ(၂၀)<br>(W,L,L,L,L) | —— |
| ၂၅-၄-၂၀၂၆<br>ည ၁၀း၃၀ နာရီ | (၈)ဘိုလော့ဂ်နာ –<br>(W,L,W,L,L) | ရိုးမား(၆)<br>(L,W,L,W,D) | ဘိုလော့ဂ်နာ ၂-၂ ရိုးမား<br>ရိုးမား ၂-၃ ဘိုလော့ဂ်နာ |
| ၂၆-၄-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | (၁၉)ဗီရိုနာ –<br>(L,L,L,L,L) | လက်ချီ(၁၈)<br>(L,L,L,L,D) | ဗီရိုနာ ၁-၁ လက်ချီ<br>လက်ချီ ၁-၀ ဗီရိုနာ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၅-၄-၂၀၂၆<br>ည ၈း၀၀ နာရီ | (၉)အော့စ်ဘတ် –<br>(L,L,D,D,W) | ဖရန့်ဖတ်(၈)<br>(W,L,D,W,L) | အော့စ်ဘတ် ၀-၀ ဖရန့်ဖတ်<br>ဖရန့်ဖတ် ၂-၂ အော့စ်ဘတ် |
| ။ | (၁၈)ဟိုင်ဒန်ဟိမ်း –<br>(L,D,D,W,L) | စိန့်ပေါလီ(၁၆)<br>(L,L,D,L,D) | ဟိုင်ဒန်ဟိမ်း ၀-၂ စိန့်ပေါလီ<br>စိန့်ပေါလီ ၀-၂ ဟိုင်ဒန်ဟိမ်း |
| ။ | (၁၂)ကိုလုံး –<br>(D,D,D,W,D) | လေဗာကူဆင်(၆)<br>(D,W,W,L,L) | ကိုလုံး ၀-၂ လေဗာကူဆင်<br>လေဗာကူဆင် ၂-၀ ကိုလုံး |
| ။ | (၁၀)မိန့်ဇ် –<br>(W,W,L,L,D) | ဘိုင်ယန်မြူးနစ်(၁)<br>(W,W,W,W,W) | မိန့်ဇ် ၂-၁ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၃-၀ မိန့်ဇ် |
| ။ | (၁၇)ဝုဗ်ဘတ် –<br>(D,L,L,L,W) | မိုချန်ဂလာဘတ်(၁၃)<br>(D,D,D,L,D) | ဝုဗ်ဘတ် ၅-၁ မိုချန်ဂလာဘတ်<br>မိုချန်ဂလာဘတ် ၀-၁ ဝုဗ်ဘတ် |
| ၂၅-၄-၂၀၂၆<br>ည ၁၁း၀၀ နာရီ | (၁၄)ဟမ်းဘတ် –<br>(D,L,D,L,L) | ဟော်ဖန်ဟိမ်း(၅)<br>(L,L,L,D,W) | ဟမ်းဘတ် ၂-၁ ဟော်ဖန်ဟိမ်း<br>ဟော်ဖန်ဟိမ်း ၂-၂ ဟမ်းဘတ် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၅-၄-၂၀၂၆<br>ညနေ ၆း၀၀ နာရီ | (၁၂)ဖူလ်ဟမ် –<br>(L,D,W,L,D) | ဗီလာ(၄)<br>(L,W,D,W,W) | ဖူလ်ဟမ် ၁-၃ ဗီလာ<br>ဗီလာ ၁-၀ ဖူလ်ဟမ် |
| ၂၅-၄-၂၀၂၆<br>ညနေ ၈း၃၀ နာရီ | (၅)လီဗာပူး –<br>(L,L,W,L,W) | ပဲလေ့စ်(၁၃)<br>(W,W,W,L,D) | လီဗာပူး ၁-၁ ပဲလေ့စ်<br>ပဲလေ့စ် ၀-၁ လီဗာပူး |
| ။ | (၁၇)ဝက်စ်ဟမ်း –<br>(D,L,L,W,D) | အဲဗာတန်(၁၀)<br>(W,L,W,D,L) | ဝက်စ်ဟမ်း ၀-၀ အဲဗာတန်<br>အဲဗာတန် ၁-၁ ဝက်စ်ဟမ်း |
| ။ | (၂၀)ဝုဗ် –<br>(W,L,D,L,L) | စပါး(၁၈)<br>(D,W,L,L,D) | ဝုဗ် ၄-၂ စပါး<br>စပါး ၂-၂ ဝုဗ် |
| ၂၅-၄-၂၀၂၆<br>ည ၁၁း၀၀ နာရီ | (၂)အာဆင်နယ် –<br>(L,W,L,D,L) | နယူးကmaterial(၁၄)<br>(W,L,L,L,L) | အာဆင်နယ် ၁-၀ နယူးကာဆယ်<br>နယူးကာဆယ် ၁-၀ အာဆင်နယ် |

### အင်္ဂလိပ် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၅-၄-၂၀၂၆<br>ည ၁၀း၄၅ နာရီ | မန်စီးတီး –<br>(ပရီးမီးယားလိဂ်-၁) | ဆောက်သမ်တန်<br>(လိဂ်ချန်ပီယံရှစ်-၄) | မန်စီးတီး ၁-၀ ဆောက်သမ်တန်<br>ဆောက်သမ်တန် ၀-၀ မန်စီးတီး |

# ပလတ်စတစ်ခြင်းတောင်းရက်လုပ်နည်း သင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ဆည် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည် မြို့၌ အမျိုးသမီး ၂၀ ဦးအား မိသားစုအပိုဝင်ငွေတိုးပွားရေး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှကြီး မှူး၍ ကျောက်ဆည်ခရိုင်လူထု အခြေပြုဗဟိုဌာန၌ အခမဲ့သင် ကြားပေးလျက်ရှိသော ပလတ် စတစ်ခြင်းတောင်းရက်လုပ်နည်း သင်တန်းဆင်းပွဲကို မေ ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပ သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင် ထွေးက ခြင်းတောင်းရက်လုပ် သည့်နည်းပညာသည် အရိပ်ထဲ တွင် တစ်နိုင်တစ်ပိုင် ဝင်ငွေရှာဖွေ နိုင်သည့် ပညာဖြစ်သောကြောင့် အားလပ်သည့်အချိန်များ၌ မိသားစု အပိုဝင်ငွေရရှိရေး အရောင်အသွေး မျိုးစုံဖြင့် ခြင်းတောင်းအမျိုးအမျိုး ရက်လုပ်သွားရန်နှင့် မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်း ယုသင်းက သင်တန်းတွင် ရရှိခဲ့ သည့် နည်းပညာများကိုလက်တွေ့ အသုံးချသွားရန် သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။



ထို့နောက် ကျောက်ဆည် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လက် ထောက်ညွှန်ကြားရေးမှူးနှင့် မြို့ နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များက သင်တန်းနည်းပြ ဆရာမ ဒေါ်အိအိစိုးအား ဂါဝရပြု လက်ဆောင်များ ပေးအပ်ခဲ့ပြီး ခြင်းတောင်းရက်လုပ်နေသည့် သင် တန်းသူများအား အားဖြည့်အချို ရည်ဘူးများ ဝေငှပေးခဲ့ကြောင်း နှင့် သင်တန်းသူများကိုယ်တိုင် ရက်လုပ်ခဲ့သည့် ခြင်းတောင်းများ အား အမှတ်တရလက်ဆောင် အဖြစ်ပေးအပ်ကာ စုပေါင်းမှတ် တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**တင်တင်ထွေး**

# ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ညောင်ဦး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာ နှစ်တွင် မြင်းကပါကျေးရွာ၌ ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများ အကောင်အထည် ဖော် ဆောင်ရွက်နေမှုအား ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေး ရာတွင် ညောင်ဦးမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် အင်ဂျင်နီယာများက မြင်းကပါ ကျေးရွာ၌ ကျေးလက်နေ ပြည်သူ များ သောက်သုံးရေ ဖူလုံစေရန် အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ အသုံးပြု၍ ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်နေသည့် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည် ဆောက်ခြင်း၊ 2 KW ဆိုလာ တပ်ဆင်ခြင်းနှင့် အကျယ်အဝန်း (၅၆ပေ×၆ပေ) ခြံစည်းရိုးကာရံ ခြင်း စသည့် ကျေးလက်ရေရရှိ ရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက တာဝန်ရှိသူများအား တွေ့ဆုံ၍ ဆောင်ရွက်နေသည့် ကျေးလက်ရေရရှိရေး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းအရည်အသွေးပြည့်မီ အောင်နှင့် အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာ ကြားသည်။

အဆိုပါ မြင်းကပါကျေးရွာ ၌ ကျေးရွာနေပြည်သူများ သောက် သုံးရေဖူလုံစေရေးအတွက် ပြည် သူ့အစိုးရသစ်၏ ရက်(၁၀၀)စီမံ ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက် ခြင်း၊ 2 KW ဆိုလာတပ်ဆင် ခြင်းနှင့် အကျယ်အဝန်း(၅၆ပေ× ၆ပေ) ခြံစည်းရိုးကာရံခြင်းလုပ် ငန်း ဆောင်ရွက်ခြင်းကို ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ တာဝန်ယူ ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)



# မြန်မာ့ဒူးရင်းပွဲတော် ကျင်းပမည်

**မန္တလေး မေ ၂၄**

မြန်မာ့ဒူးရင်းသီးနှံ၏ အရည် အသွေးနှင့် ဈေးကွက်တန်ဖိုး မြှင့်တင်နိုင်ရေးကို ရည်ရွယ်၍ မြန်မာ့ဒူးရင်းပွဲတော်ကို စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသွား မည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ပြည်ပ ပို့ကုန် တိုးမြှင့်နိုင်ရေး၊ မြန်မာ့ ဒူးရင်းအမှတ်တံဆိပ်ဖြင့် ဈေး ကွက်ထိုးဖောက်နိုင်ရေးတို့ကို အဓိကထား ဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့ပြင် ခေတ်မီစိုက်ပျိုးရေး စနစ်များ၊ ရိတ်သိမ်းချိန်လွန်နည်း ပညာများနှင့်ပတ်သက်၍ ကျွမ်း ကျင်သူများအကြား ဆွေးနွေး ဖလှယ်မှုများ ပြုလုပ်သွားမည် ဖြစ်ပြီး ဒူးရင်းဈေးကွက် ချဲ့ထွင် နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့် အလမ်းများကိုလည်း ချိတ်ဆက် ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။




ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော အရည်အသွေးမြင့် ဒူးရင်းမျိုးများကို ရွေးချယ်ဖော် ထုတ်နိုင်ရေးအတွက်လည်း လေ့ လာပြသမှုများ ပါဝင်မည်ဖြစ် သည်။

အဆိုပါ မြန်မာ့ဒူးရင်းပွဲတော် ကို မေလဒုတိယပတ်(သို့မဟုတ်) တတိယပတ်အတွင်း ကျင်းပရန် လျာထားဆောင်ရွက်လျက်ရှိပြီး ကျင်းပမည့်နေ့ရက်နှင့် နေရာကို မကြာမီ ထပ်မံအသိပေးကြေညာ သွားမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီး ဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၏ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသင်း များ၊ သီးနှံအသင်းများ၊ အသင်း ဝင်ကုမ္ပဏီများနှင့် အသင်းသား များအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ကြရန် အသိပေးအကြောင်း ကြားထားသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်-ဈ)**

# အသားငါးဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး မေ ၂၄**

မကွေးတိုင်းဒေသကြီး၊မကွေး ခရိုင်၊ တောင်တွင်းကြီးမြို့နယ် မြို့နယ်စည်ပင်သာယာဈေးနှင့် ဒက္ခိဏဈေးအတွင်း ရောင်းချ လျက်ရှိသည့် အသားငါးဈေးနှုန်း မြင့်တင်ရောင်းချမှု မရှိစေရေး အတွက် တာဝန်ရှိသူများ ယမန် နေ့ နံနက် ၈ နာရီက ကွင်းဆင်း စစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါလုပ်ငန်းများ ဆောင် ရွက်ရာတွင် မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ကော်မတီဝင်များ၊ မြို့မ ဈေးတာဝန်ခံ၊ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ အမဲသား၊ ဝက်သား၊ ငါး၊ ဆိတ်သားများ သန့်ရှင်း လတ်ဆတ်မှုရှိစေရေး၊ အသားငါး များဈေးနှုန်း မြှင့်တင်ရောင်းချ မှုမရှိစေရန်နှင့် အလေးချိန်ခွင် ပြည့်ဝစွာ ချိန်တွယ်ခြင်းဖြင့် သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချခြင်းများ ပြုလုပ်ရန်တို့ကို အသိပညာပေးလက်ကမ်းစာစောင် များ ဖြန့်ဝေပေးခဲ့ကြောင်း သိရ သည်။ **နောင်နောင်(ဗိသနိုးမြေ)**

# မီးဘေးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**စစ်ကိုင်း မေ ၂၄**

စစ်ကိုင်းခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ် အသိပညာပေး ဆွေးနွေးပွဲကို မေ ၂၃ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပ ခဲ့သည်။




ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေ ဇင်မိုးက အသိပညာပေးဆွေးနွေး ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက် များကို ရှင်းလင်းဆွေးနွေးပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲ မှုဦးစီးဌာန ဦးစီးမှူး ဦးသာကျော် အောင်က မီးဘေးအန္တရာယ်မဖြစ် ပေါ်စေရန် ကြိုတင်ပြင်ဆင်ရမည့် အချက်များနှင့် ရှောင်ရှားသင့် သည့်အချက်များ၊မီးဘေးအန္တရာယ် ဖြစ်ပေါ်နေစဉ်တွင် လိုက်နာရမည့် အချက်များနှင့် ရှောင်ရှားသင့် သည့်အချက်များ၊ မီးငြိမ်းသတ်ပြီး ပါက ပြုလုပ်ရန်အချက်များ၊ မီးလောင်မှုဖြစ်ပွားသည့် ပုံစံအမျိုး မျိုးနှင့် မီးငြိမ်းသတ်ရန် နည်း လမ်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ပါက အရေးပေါ်ဆက် သွယ်နိုင်သည့် Hot Line ဖုန်းနံ ပါတ်များအား ရှင်းလင်းဆွေး နွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**အေးငြိမ်းစံ(ပြန်/ဆက်)**



# KBZ Center Mandalay တွင် ကျောက်ကပ်အခမဲ့ သွေးသန့်စင်ကုသ၊ အရိုးအကြော အဆစ်နှင့်အထွေထွေရောဂါများ အခမဲ့ စမ်းသပ်စစ်ဆေး




**မန္တလေး မေ ၂၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းနှင့် ၁၁၀လမ်း ထောင့်ရှိ KBZ Center Mandalay တွင် မေ ၂၂ ရက်က ကျောက်ကပ်အခမဲ့သွေးသန့်စင်ခြင်း၊ ကုသပေးခြင်း၊ အရိုးအကြော အဆစ်အထူးကု ဆရာဝန်ကြီးများက အခမဲ့စမ်းသပ်ကုသပေးခြင်းနှင့် အထွေထွေရောဂါများ အခမဲ့ စမ်းသပ်စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

အရိုးအကြောအဆစ်ရောဂါ စမ်းသပ်စစ်ဆေးကုသပေးခြင်းကို အရိုးအကြောအထူးကု ဆရာဝန်ကြီး ဒေါက်တာငွေးကြွယ်နှင့် အထွေထွေရောဂါစမ်းသပ်စစ်ဆေးခြင်းများကို စင်တာမှ ဆရာဝန်များက စစ်ဆေးကုသပေးကြသည်။ အရိုးအကြောအထူးကု ဆရာဝန်ကြီးများထံ ပြသလိုပါက အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင်လည်းကောင်း၊ တီဗွီဓာတ်မှန် ရိုက်ကူးပေးမှုကို အပတ်စဉ် အင်္ဂါနှင့် သောကြာနေ့တို့တွင် လည်းကောင်း၊ အထွေထွေရောဂါ စမ်းသပ်စစ်ဆေးခြင်းကို နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ လည်းကောင်း၊အခမဲ့ကျောက်ကပ် သွေးသန့်စင်ကုသခြင်းကို တနင်္လာနေ့မှ စနေနေ့အထိလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည်။

KBZ Center Mandalay တွင် အခမဲ့ကျန်းမာရေး စစ်ဆေးကုသမှုခံယူလိုပါက တနင်္လာနေ့မှ သောကြာနေ့အတွင်း နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ အတွင်း Call Center ဖုန်း ၀၉-၉၄၁၆၀၀၉၉၉၊ U9 ဖုန်း Short Code 1010 သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၄၅)**

# ဌာနဆိုင်ရာဝန်ထမ်းများအား စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**မြစ်သား မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် Resources Group Trading Co.,Ltd. နှင့် Hike Co.,Ltd. များ ဦးဆောင်မှုဖြင့် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ မြစ်သားမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဈေးနှုန်းချိုသာစွာ စားသုံးနိုင်ရန်အတွက် စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၈၃၅၀ နှုန်းဖြင့် မေ ၂၃ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာတွင် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ဇာဇာအေး(မဇာ-ကုန်စုံဆိုင်-မြစ်သားမြို့)၊ ဦးအောင်စိုးမိုး(ကူမဲမြို့)၊ ဦးအောင်ဆန်းဝင်း (အောင်ကမ္ဘာဆီစက်၊ ကူမဲမြို့)၊ ဦးကိုကိုကြီး(နယူးဖန်စီဆီဆိုင်၊ ကူမဲမြို့)၊ ဒေါ်ကေသီအောင်(မြစ်သားမြို့)၊ ဦးဟိန်းသီဟဇော်(မြစ်သားမြို့)၊ ဦးရှိုင်းဝဏ္ဏ(ရှယ်လီငွေးဆီဆိုင်၊ ကူမဲမြို့) စသည့်ဆီကုန်သည် ခုနစ်ဦးတို့က ရောင်းချပေးခဲ့သည်။ မြစ်သားမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တစ်ဦးလျှင် နှစ်ပိဿာနှုန်းဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ၄၈ ဌာနတို့မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၂၉၀၅ ဦးတို့အား စုစုပေါင်း စားအုန်းဆီပိဿာ ၅၈၁၀ ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

# နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



**အမရပူရ မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ အစိုးရသစ်လက်ထက် ပထမရက်(၁၀၀)အတွင်း လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၂ ရက် နံနက် ၁၀ နာရီက တပ်ကြီးကျေးရွာအုပ်စုရှိ အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြား၊ ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို လဝကမှူး ဒေါ်အေးအေးဆွေ ဦးဆောင်သောအဖွဲ့မှ တပ်ကြီးကျေးရွာ အခြေခံပညာကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အသက် ၁၀ နှစ်မှ ၁၈ နှစ်အတွင်း အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၃၀ ဦး၊ အသက် ၁၈ နှစ်အထက် အမျိုးသားနှစ်ဦး၊ စုစုပေါင်း ၆၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ခဲ့သည်။ ဆက်လက်၍ အမရပူရမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများကို ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး မြို့နယ်ဦးစီးမှူး ဦးထင်အောင်ထံမှ သိရသည်။

**(အပေါ်ပုံ) စိုးသီဟ(အမရ)**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**မန္တလေး မေ ၂၄**

မဟာအောင်မြေမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများက ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား မေ ၂၃ ရက် နံနက် ၉ နာရီက စတင်၍ လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးရာတွင် မြို့ပေါ်(၁၈)ရပ်ကွက်ရှိ မွေးကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)နှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကို အသက်အရွယ်အပိုင်းအခြားအလိုက် ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများက လစဉ် ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်လည်း ပုံမှန်ကာကွယ်ဆေးများကို စနစ်တကျ ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမတို့က ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား လစဉ်သတ်မှတ်ရက်များတွင် ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံတိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(အောက်ဝဲပုံ) (၀၅၆)**





# အ.ထ.ကကျောင်းခွဲ(ကင်/သပြေပင်)တွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး မေ ၂၄**

ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(ကင်/သပြေပင်)သို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားလူငယ်များ ရည်မှန်းချက်ထား ကြိုးစားရန်၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နှင့် ပြည့်စုံကုံလုံစွာ ဖွံ့ဖြိုးလာအောင် ကြိုးစားပြုစုပျိုးထောင် အားထုတ်ကြရန်လိုပါကြောင်း၊ ကျောင်းနေအရွယ်လွန်ပြီးနောက်လည်း လူသားတစ်ဦးအနေဖြင့် အဆိုပါ ဗလငါးတန် ရှင်သန်ကြီးထွား ကြီးပွား ဖွံ့ဖြိုးတိုးတက်နေအောင် ကျောင်းသား၊ ကျောင်းသူလူငယ်များ ကိုယ်တိုင်က သင်ယူလေ့လာဆည်းပူးခြင်း၊ ဖြည့်ဆည်းပျိုးထောင်ခြင်းတို့ဖြင့် အစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါလူငယ်ရေးရာ အသိပညာပေးဟောပြောပွဲသို့ အခြေခံပညာအထက်တန်းကျောင်း(ကင်/ချောင်း)မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**

✱-✱-✱-✱-✱

# ကျွန်းလှမြို့နယ်၌ စားဖိုဆောင်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဒေသခံတောင်သူများသည် နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေတင်ပြီး စားဖိုဆောင်သီးနှံမျိုးစုံကို စိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ကျွန်းလှမြို့နယ်မှာ စားဖိုဆောင်သီးနှံ စိုက်ပျိုးကြမယ့် တောင်သူတွေကို မစိုက်ပျိုးမီ ဒေသရာသီဥတုနဲ့ ကိုက်ညီတဲ့ သီးနှံများ စိုက်ပျိုးကြဖို့နဲ့ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးကူညီပေးပါတယ်။ ဒီဒေသမှာ ခရမ်း၊ ခရမ်းချဉ်၊ ကိုက်လန်၊ မုန်လာထုပ်၊ မုန်ညင်း၊ ပန်းမုန်လာ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရုံးပတီ၊ တိုင်ထောင်ပဲ၊ နံနံ၊ ငရုတ်၊ ရွှေဖရုံ စတဲ့ စားဖိုဆောင်သီးနှံတွေ ရာသီအလိုက် စိုက်ပျိုးကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါစားဖိုဆောင်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများ ထွက်ရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေး ပြုလုပ်သုံးစွဲနည်းများကို ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။



**(ဝဲပုံ)**

**(၄၈၀)**

# သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိ၊ အနှစ်ကိုချုပ်လိုက်တော့ သတိ

ဝိပဿနာတရား အားထုတ်မယ့်သူတွေ အတွက် အဓိကအချက်ကြီး (၅)ချက်ကို အရင် သိထားဖို့ လိုပါတယ်။ အဲ့ဒီ(၅)ချက်ကတော့ ၁။ သဒ္ဓါ၊ ၂။ ပညာ၊ ၃။ သတိ၊ ၄။ ဝီရိယ၊ ၅။သမာဓိတို့ ဖြစ်ပါတယ်။ သဒ္ဓါဆိုတာ ယုံကြည်မှု၊ ကြည်ညိုမှုကို ဆိုလိုတာပါ။ ကံ-ကံရဲ့အကျိုးကို ယုံကြည်ရမယ်။ ရတနာသုံးပါးကို ယုံကြည်ရမယ်။ ကြည်ညိုရမယ်။ ဘုရားကို ကြည်ညိုရမယ်။ ဘုရားဟောတဲ့ တရားတော်ကိုလည်း ယုံကြည်ရမယ်။ ကြည်ညိုရမယ်။ ဒီလိုယုံကြည် ကြည်ညိုမှ ကိုယ်အားထုတ်နေတဲ့ တရား၊ လုပ်နေတဲ့လုပ်ငန်းစဉ်ဟာ မှန်ကန်ပြီး တော့ မဂ်၊ ဖိုလ်ကို ရရှိနိုင်တဲ့တရားလို့ ယုံကြည်ရမယ်။ ဒါမှ အောင်မြင်နိုင်ပါလိမ့်မယ်။ ဒီလို ယုံကြည် ကြည်ညိုတတ်ဖို့ဆိုတာ ပညာက အဓိကပဲ။ သဒ္ဓါလို့ခေါ်တဲ့ ယုံကြည်မှုဆိုတာ ဘုရားနဲ့တွေ့ဖို့၊ ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့လောက်ပဲ တတ်နိုင်တယ်။ ပညာကမှ ဘုရားအစစ် ဟုတ်ရဲ့လား၊ တရားအစစ် ဟုတ်ရဲ့လား၊ သံဃာအစစ် ဟုတ်ရဲ့လားဆိုတာ ခွဲခြားနိုင်မှာပေါ့။ ဒီအရည်အချင်းနဲ့ ပြည့်စုံအောင် ဗဟုသုတရှိရမယ်။ ဒါမှ ကိုယ်ပိုင်ပညာဉာဏ် ဗဟုသုတနဲ့ အမှားအမှန်ကို ခွဲခြားနိုင်မှာပေါ့။

အမှားအမှန်ကို မခွဲခြားနိုင်ရင် မယုံကြည်၊ မကြည်ညိုသင့်သူကို အားကိုးယုံကြည်မိတဲ့ အတွက် လမ်းမှားကို ရောက်သွားနိုင်ပါတယ်။ သဒ္ဓါလို့ခေါ်တဲ့ ယုံကြည်မှုကို ပညာစောင့်မှ လမ်းဖြောင့်မယ်လို့ ပညာရှိသူတော်ကောင်းတွေက မိန့်ဆိုခဲ့တာပေါ့။ ဒါကြောင့် သဒ္ဓါနဲ့ ပညာကို တစ်တွဲတွဲထား။ ဝီရိယနဲ့ သမာဓိကို တစ်တွဲတွဲထား။ ဝီရိယဆိုတာ သာမန်ဝီရိယကို ဆိုလိုတာမဟုတ်ဘူးနော်။ အတတ်နိုင်ဆုံး ကြိုးစားအားထုတ်မှ ရမယ်ဆိုတဲ့ ဝီရိယကို ဆိုလိုတာပါ။ ခန္ဓာကိုယ်ကို ညှဉ်းပန်းနှိပ်စက်မှ သံသရာကလွတ်မယ်ဆိုတဲ့ အယူမှားကို ဆိုလိုတာ မဟုတ်ပါဘူး။ နည်းနည်းလေး ညောင်းတာ၊ ကိုက်တာနဲ့ နားလိုက်၊ ရပ်လိုက် လုပ်နေမယ်ဆိုရင် တရားမရနိုင်ဘူး။ တည်ငြိမ်မှုလို့ ခေါ်တဲ့ သမာဓိလည်း မရနိုင်ပါဘူး။ ကိုယ့်စိတ်ကို ဆောက်တည်လို့ မရနိုင်လောက်အောင် ညောင်းညာကိုက်ခဲလာရင်တော့ အနေအထိုင် ပြင်ဖို့ လှုပ်ရှားနိုင်ပါတယ်။ 'သမာဓိလို့ခေါ်တဲ့ တည်ငြိမ်မှု' မရှိရင်လည်း 'ဝိပဿနာလို့ခေါ်တဲ့ အထူးရှုပွားခြင်း' မဖြစ်နိုင်ဘူးလို့ တို့ဘုရား ဟောခဲ့တာပဲ မဟုတ်ပါလား။ ဝိပဿနာဉာဏ် ဖြစ်ဖို့ 'ဥပစာသမာဓိ' ရအောင်တော့ လုပ်ရပါလိမ့်မယ်။ အဓိကအချက်ကို ပြောရမယ်ဆိုရင် ဝီရိယနဲ့ သမာဓိကို ဘယ်ဟာကိုမှ မလွန်ကဲစေဘဲ ချိန်ခွင်လျှာ ညီမျှနေဖို့ဟာ အဓိကပါ။ သဒ္ဓါလို့ ခေါ်တဲ့ ယုံကြည်မှု၊ ကြည်ညိုမှု လွန်ကဲရင်လည်း လမ်းမှားကို ရောက်တတ်ပါတယ်။ ပညာဉာဏ် လွန်ကဲနေပြန်ရင်လည်း ကောက်ကျစ်စဉ်းလဲတတ်ပါတယ်။ စေတနာဟာ ကံဖြစ်တယ်။ စိတ်နဲ့ လှူရင်လည်း ကုသိုလ်ရတာပဲ။ ပစ္စည်းအကုန်ခံစရာ မလိုပါဘူးဆိုတာမျိုးပေါ့။ ဝီရိယလွန်ကဲရင်လည်း စိတ်ပျံ့လွင့်တတ်ပါတယ်။ စိတ်ကို မထိန်းနိုင်ဖြစ်တတ်တယ်။ သမာဓိလွန်ကဲရင်လည်း ငိုက်မြည်း တတ်တယ်တဲ့။ အိပ်ငိုက်နေတာကို တချို့က သမာဓိရနေတာလို့ ထင်နေကြတာပါ။ ဒါကြောင့် 'သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိ' တစ်ခုနဲ့တစ်ခု တစ်ဖက်စောင်းနင်းမဖြစ်စေဘဲ 'ချိန်ခွင်လျှာလို ညီမျှနေအောင်' အားလုံးကို သတိနဲ့ ထိန်းရပါလိမ့်မယ်။ သတိဆိုတာ ပိုတယ်လို့ မရှိပါဘူး။ မြတ်ဗုဒ္ဓကတောင် 'အပ္ပမာဒေန၊ သမ္ပာဒေထ' သတိ မလွတ်စေနဲ့၊ သတိထားနေကြလို့ ဆုံးမခဲ့တာဖြစ်ပါတယ်။

တရားထိုင်ရင်း ပထမဆုံး စမှတ်ရတာက 'ရှူသွင်းတယ်၊ ရှူထုတ်တယ်' ဆိုပြီး ရှူသွင်းတိုင်း၊ ရှူထုတ်တိုင်းကို သတိကပ်ပြီး စ မှတ်ရတာပေါ့။ 'မဟာစည်နည်း'ကျတော့ 'ဖောင်းတယ်၊ ပိန်တယ်'ပေါ့ဗျာ။ ဝမ်းခေါင်းထဲ လေတွေ ရှူသွင်းလိုက်တော့ ဗိုက်ကြီးဖောင်းလာလို့ ဖောင်းတယ်။ ဝမ်းခေါင်းထဲက လေတွေ မှုတ်ထုတ်လိုက်တော့ ဝမ်းဗိုက်ကြီး ပိန်သွားတယ်။ ဒါကို ပိန်တယ်လို့ မှတ်ပေါ့။ အတူတူပါပဲ။ မှတ်နည်း ကွဲပြားတာပဲ ကွာပါတယ်။ ဒီကိစ္စရပ်တွေ၊ အကြမ်းစားကနေ၊ အနုစိတ်သိအောင် ပထမနေ့နဲ့ ဒုတိယနေ့မှာ မှတ်ရပါတယ်။ နှုတ်က မဟုတ်ဘူး နော်။ စိတ်နဲ့ မှတ်နေရတာ။ တတိယနေ့ကျတော့ ရှူသွင်း၊ ရှူထုတ်၊ ဝင်လေ၊ ထွက်လေကို မမှတ်တော့ဘဲ ဝင်လေ၊ ထွက်လေကို သတိကပ်ပြီး စိတ်ထဲက သိနေဖို့ပါပဲ။ တရားထိုင်လို့ နှစ်ရက်၊ သုံးရက်လောက်ကြတဲ့အခါ တချို့ယောဂီများ 'ဝင်းခနဲ၊ လက်ခနဲ' လျှပ်စီးလက်သလို၊ ပိုးစုန်းကြူးအလင်းရောင်လို မျက်စိမှိတ်ထားရင်းက မြင်ရတတ်ပါတယ်။ အချို့ယောဂီကျတော့ နှာခေါင်းဝမှာ အဖြူတန်းကြီး ဝင်လိုက်၊ ထွက်လိုက်ဖြစ်နေတာကို မြင်ရတယ်လို့ ပြောကြတယ်။တရားစခန်းမှာ ဆရာက ညနေတိုင်း တရားစစ်ပါတယ်။ ယောဂီတို့ရဲ့ အတွေ့အကြုံကို မေးတယ်ဆိုပါတော့။ ယောဂီတွေကတော့ အမျိုးမျိုးပြောကြတာပေါ့။ တချို့ကျတော့ တိမ်ညိုတိမ်လိပ်တွေ၊ ငွမ်းပုံ၊ ငွမ်းလိပ်တွေကို မြင်ရတယ်လို့ ပြောပါတယ်။ ဒါဟာ သမာဓိရဖို့ အစပျိုးလာတာပဲလို့ဆိုရမယ်။ အနုစား သမာဓိရဲ့ အာရုံနိမိတ်ပဲပေါ့။ ကျမ်းဂန်အရတော့ 'ပရိကမ္မနိမိတ်'လို့ ဆိုရမှာပေါ့။ ရှေ့ပြေးသမာဓိလို့ ခေါ်မလားပဲ။ ကြိုးစားပြီး ဆက်လက်ရှုမှတ်နေမယ်ဆိုရင် 'သမာဓိ (တည်ငြိမ်မှု)' ပိုမိုရင့်ကျက်လာပြီး ပုံသဏ္ဌာန်တွေနဲ့ တွဲဖက်တဲ့ နိမိတ်အာရုံတွေ ပေါ်လာပါလိမ့်မယ်။ အသီး၊ အပွင့်၊ အရောင်အဆင်းအမျိုးမျိုး၊ အဆောက်အအုံအမျိုးမျိုး၊ ဂူ၊ ကျောင်း၊ ဘုရား၊ စေတီအမျိုးမျိုး၊ ဥက္ကာပျံသလို အလင်းရောင်အမျိုးမျိုး စသဖြင့် စိတ်ကြည်နူးစရာ အာရုံနိမိတ်များကို မြင်ရပါလိမ့်မယ်။ ဒီထက်မက ရှုန်ပုံ ရဟန္တာများ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ ဘိုးတော်များကိုလည်း မြင်ရတတ်ပါသေးတယ်။ တချို့ယောဂီတွေကျတော့ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သူရဲ၊ ကြောက်စရာမြင်ကွင်းတွေ မြင်တွေ့ရတတ်ပါတယ်။ ဒါဆိုရင် ကုသိုလ်ပြုသမျှ ကျွန်ုပ်နဲ့ ထပ်တူရကြပါစေလို့ မေတ္တာပို့သ အမျှဝေလိုက်ပါ။

မာရ်နတ်အပါအဝင် တချို့ မိစ္ဆာဒိဋ္ဌိနတ်တွေ ကျတော့ ကုသိုလ်ကောင်းမှုလုပ်တာကို မကြိုက်လို့ နှောင့်ယှက်တာလည်း ရှိတာပေါ့။ ဘာပဲဖြစ်ဖြစ် မေတ္တာပို့၊ အမျှဝေလိုက်ပါ။ ဒီကမ္ဘာလောကကြီးမှာ အကောင်းဆုံးလက်နက်ဟာ မေတ္တာလက်နက်ပါပဲ။ မေတ္တာလက်နက်ဆိုတာ ဘာနဲ့မှ ကာရံတားဆီးလို့ မရဘူးတဲ့။ တချို့ ဘိုးတော်တွေကျတော့ သမာဓိအားကောင်းတဲ့ ယောဂီကို နှစ်သက်ကြတယ်။ သူတို့လမ်းစဉ်က သမာဓိဈာန်လမ်းစဉ်ပါ။ ဓာတ်လုံးပေးတာတို့၊ ဆေးကျွေး၊ ဆေးတိုက်တာတို့ လုပ်တတ်တယ်။ စိတ်မခိုင်တဲ့ယောဂီဆိုရင် သူတို့ဘက်ကို ပါသွားတတ်ပါတယ်။ သတိထားပါ။ မေတ္တာပို့၊ အမျှဝေပြီး မနှောင့်ယှက်ဖို့ တောင်းပန်ရင် လက်လျှော့သွားကြပါတယ်။ ဒီအကြောင်းကို ကြိုသိမထားရင် တချို့စိတ်ဖောက်ပြန်ပြီး ရူးသွားတတ်ပါတယ်။ ဒါကို တချို့သောလူတွေက တရားအားထုတ်ရင် ရူးတတ်တယ်လို့ ဝါဒဖြန့်၊ သတင်းလွှင့်ကြတာပေါ့။ အမှန်မှာတော့ ကိုယ့်စိတ်ကို မနိုင်လို့ ဖြစ်တာပေါ့နော်။ ကဲ... သမာဓိကို ဆက်ပြောမယ်။ အလင်းရောင်၊ အလင်းတန်းကို မြင်တာဟာ 'ပရိကမ္မနိမိတ်'။ ပုံသဏ္ဌာန်တွေကို မြင်တာကျတော့ 'ဥဂ္ဂဟနိမိတ်'။ ပရိကမ္မနိမိတ်ထက် ပိုရင့်လာတဲ့ သမာဓိပါပဲ။ ဒီသမာဓိကိုတော့ 'ဥပစာသမာဓိ'လို့ ခေါ်ပါတယ်။ ဥပစာသမာဓိဆိုတာ ဈာန်သမာဓိနားကို ကပ်သွားတဲ့ 'အပ္ပနာသမာဓိ'ပါပဲ။ ဒီအဆင့်ကို ရောက်ပြီဆိုရင် ဝိပဿနာဘက်ကို ကူးလို့ရပါပြီ။ သမာဓိထူထောင်တယ်ဆိုတာ တကယ်တော့ ပထမအဆင့် 'သမထ ကမ္မဋ္ဌာန်း'အဆင့်ပါ။ ဒါကြောင့် 'သမထအဆင့်ကမှတစ်ဆင့် ဝိပဿနာအဆင့်'ကို ကူးလို့ရပြီလို့ ပြောတာပါ။ ဝိပဿနာအာရုံဆိုတာ အနိစ္စ(မမြဲခြင်း)၊ ဒုက္ခ(ဆင်းရဲခြင်း)၊ အနတ္တ(အစိုးမရခြင်း)တွေပဲပေါ့။ ဆိုလိုတာကတော့ အနိစ္စ(မမြဲခြင်း)ကို တကယ်သိပြီ၊ မြင်ပြီဆိုရင် ဒုက္ခ(ဆင်းရဲခြင်း)၊ အနတ္တ(အစိုးမရခြင်း)တွေကိုလည်းပဲ မြင်ပြီပေါ့ဗျာ။ ဆက်ကြိုးစားရုံပဲ ရှိတော့တာပေါ့။

**စာကိုး–**

၁။ သဒ္ဓါကို ပညာစောင့်မှ
ချောင်းဆုံအုန်းသွင် - သူရဒ္ဓမဂ္ဂဇင်း - ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ။

၂။ စာရေးသူ၏ တရားအားထုတ်မှု အတွေ့အကြုံ (၁၉၇၈ မှ ၁၉၈၂ အထိ (၅)နှစ်) ကျွန်ုပ်စာဖတ်၊ ပရိသတ်အား၊ မြင့်မြတ်

စိတ်ထား၊ ကုသိုလ်ပွားအောင် ကြိုးစားကာ ပင်၊ ရေးစီရင်သည်၊ ကြည်လင်ချမ်းမြေ့ကြပါစေ။

**အင်ကြင်းစု – မျိုးချစ်ဆွေ (မန္တလေး)**

## ပြင်ဦးလွင်မြို့နယ်ရှိ ဝါးနက်အပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ်သူများပြား၊ ဆင်စာဘူဖေးကျွေးမွေး

**မန္တလေး ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေး- ပြင်ဦးလွင်လမ်းမှ ၅ မိုင် ၅ ဖာလုံ အကွာ၊ ရဲရွာ ရေအားလျှပ်စစ် စက်ရုံလမ်းပေါ်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊သစ်တောဦးစီးဌာန ပိုင် ဝါးနက်အပန်းဖြေဆင်စခန်းသို့ အများပြည်သူ အလုပ်ပိတ် ရက်ရှည်ဖြစ်သော မဟာသင်္ကြန် ပြီးရက်များတွင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မှ ပြည်သူများ လာရောက်အပန်းဖြေကြပြီး ဆင်စီးခြင်း၊ ဆင်စခန်းဥယျာဉ်အတွင်း လည်ပတ်ခြင်း၊ ဆင်စာဘူဖေး ကျွေးခြင်း ကုသိုလ်ပြုကြသည်။

ဝါးနက်အပန်းဖြေဆင်စခန်းရှိ ဆင်ကြီးရှစ်ကောင်၊ ဆင်ကလေး သုံးကောင်၊ စုစုပေါင်း ဆင် ၁၁ ကောင်အတွက် ဧပြီ ၂၂ ရက်က ကျိုက်လတ်မြို့နေ မမြတ်ဆုမွန်က ဆင်စာဘူဖေး အသီးအနှံ ငွေကျပ်တစ်သိန်းဖိုး ကိုလည်းကောင်း၊ ဧပြီ ၂၃ ရက်က မန္တလေးမြို့နေ ဒေါ်သန်းတင် မိသားစုက ဆင်စာဘူဖေး အသီးအနှံ ငွေကျပ်တစ်သိန်းဖိုး နှင့် မရွှေဇင်အောင်က ဆင်စာ အတွက် ငွေကျပ်ငါးသောင်းဖိုး ကျွေးမွေးလှူဒါန်းခဲ့သည်။

ဝါးနက်ဆင်စခန်းမှ ဆင်ကလေးများအား အနီးကပ် လေ့လာခြင်း၊ ဆင်ရေချိုးခြင်း၊



ဆင်အကြောင်း ဆင်ပြတိုက်တွင် ရှင်းပြခြင်း စသည့်ဝန်ဆောင်မှု များ ပေးသည်။

ဆင်စာဘူဖေး ကျွေးမွေး လှူဒါန်းလိုပါက ဖုန်း ၀၉-၄၃၀ ၅၄၀၃၈ နှင့် ၀၉-၇၅၄၀၅၂၈၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၅)**

## ကိုယ်ဝန်ဆောင်မိခင်များ လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်စစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိ

**မိုင်းယန်း ဧပြီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာဖွံ့ဖြိုးပြီး လွယ်ကူစွာ မွေးဖွားနိုင်ရန် ကျန်းမာရေး စစ်ဆေးစောင့်ရှောက်ပေးခြင်းနှင့် လစဉ် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက ကျိုင်းဟင်ရပ်ကွက်အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနရုံးတွင် ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုယ်ဝန်ဆောင် မိခင်များ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် မိခင်နှင့်ကလေး ကျန်းမာရေးဌာန တာဝန်ခံအမျိုးသမီး ကျန်းမာရေးဆရာမ ဒေါ်ငွေငွေခိုင်နှင့် ကျန်းမာရေးဆရာမများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်များအား စနစ်တကျ စာရင်းပြုစု၍ ကျန်းမာရေးစောင့်ရှောက်စစ်ဆေးပေးခြင်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မိခင်နှင့်ကျန်းမာရေးဌာနမှ သိရသည်။**မြို့နယ်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းဆတ် ဧပြီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။



အစည်းအဝေးတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးညီညီထွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးဇော်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခတ္တိယတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အမှာစကားပြောပြီး ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုနှင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

**ခရိုင်(ပြန်/ဆက်)**

## အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရပ်စောက် ဧပြီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းမွှန်မွှန်နှင့် ဝန်ထမ်းများက အပူချိန်များ ပိုမိုမြင့်တက်လာမှုကြောင့် ပြည်သူများသတိပြုရမည့် အပူဒဏ်အန္တရာယ်များအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ခဲ့သည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ်ရှေးဦးပြုစုနည်းစနစ်များ၊ အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ အပူဒဏ်ကာကွယ်နိုင်ရေးရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့်အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်အန္တရာယ် အထူးသတိပြုရမည့်သူများပါဝင်သည့် အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

* - * - * - * - * - *



ပတ်စရော၊ မှတ်စရာ
စုံလင်
ယုဇနလေး

## နှစ်သစ်နဲ့အတူ

* ပိတောက်ရနံ့တွေ မြူး
သင်္ကြန်မှာ ရွှင်ပျော်ကြည်နူး
အထူးလေ ပျော်ခဲ့ကြတယ်
နှစ်ဟောင်းရယ် ကျန်ခဲ့ပေပေါ့
နှစ်သစ်ရောက် မင်္ဂလာများနဲ့အတူ ။

* ထူးခြားတဲ့ လူ့ဘဝတွေ
အသိကောင်းတွေ ရင်ဝယ်လှိုင်မှ
အလုပ်ကောင်းနဲ့ ဝီရိယပြိုင်မှ
ရ ,အလု ဘဝ နေ့ရက်များစွာ
ကောင်းစေပ နေ့တိုင်းပြည့်စုံ
နှစ်သစ်မှုံ ····ခြယ်သမှုတွေပေါ့ ။

* ဘဝ ···ဆိုတာ တဒင်္ဂ
နေ့မြင် ညပျောက်
အမောဖောက် ကွယ်တတ်ကြတယ်
သတိတွယ် သံဝေဂထူး
သိ ····ဉာဏ်ကူ နှစ်သစ်ရက်များမှာ
ကံအဟောင်း ····အပြစ်အညွှဲတွေ
ဖယ်သန့်ကာ ကောင်းကျိုးလောင်းမယ်
မနှောင်းပေ ····အဓိပ္ပာယ်ရှိရှိ
ပကတိ နှစ်သစ်ရက်တိုင်း ····
ကံကောင်းခြင်းလှိုင်းတွေ
ရောက်ကြမသွေ ရောက်ပါစေ ····ပေါ့။ ။

**ရေချမ်း-မန်း**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**တောင်တွင်းကြီး ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ မြို့နယ်အတွင်း သွားလာနေကြသော မော်တော်ယာဉ်မောင်းနှင်နေသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာနိုင်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက တောင်တွင်းကြီး-ပြည်လမ်း မြို့အဝင်တိုးဂိတ်တွင် အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုအရာခံဗိုလ် စိုးပိုင်၏ဦးဆောင်ကြီးကြပ်မှုဖြင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက တောင်တွင်းကြီး-ပြည်လမ်း မြို့အဝင်တိုးဂိတ်တွင် သွားလာနေကြသော မော်တော်ယာဉ်မောင်းနှင်နေသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မောင်းနှင်စဉ် အသက်ကယ်ထိုင်ခုံခါးပတ်ပတ်၍ မောင်းနှင်ကြရန်၊ ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးမပြုရန်၊ သတ်မှတ်ဖောင်းကြွနံပါတ်ပြားမဟုတ်ဘဲ အလှနံပါတ်ပြားမတပ်ရန်နှင့် ပါဝါအိတ်ဇောမတပ်ရန် စသည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများနှင့် စက်သုံးဆီချွေတာရေး၊ စုံ၊ မ ရက်အလိုက် မောင်းနှင်ခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**



တံတားနှင့် လမ်း၊
ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန်
သစ်ပင်ရုံမှ
သဏ္ဌာန်လှပ
ပနံရလိမ့်။




## ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**ပွင့်ဖြူ ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ပြည်သူများ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုလူဦးရေစာရင်းများ ထုတ်ပေးခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းက ကန်ဆွယ်ကျေးရွာ၌ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပွင့်ဖြူမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများအဖွဲ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာနတို့မှ ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ကျေးရွာအရောက် ကွင်းဆင်း၍ အသက်(၁၀)နှစ်ပြည့်၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား အသစ်ပြုလုပ်လိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်း၊ UIDနံပါတ်များ ထုတ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်လိုသူများကို အချက်အလက်များကောက်ယူ၍ အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်း လုပ်ငန်းများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(ဓါတ်ပုံ)

**ရဲဝင်းနိုင်(ညောင်ဦး)**

* - * - * - * - * - *

# (၂၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

မန္တလေး ဧပြီ ၂၄



မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက် (၂၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်၍ ခုနစ်ရက်တိုင်တိုင် ဣစ္ဆာသယကျောင်းတိုက် သန်းရတနာဗိမာန်၌ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ၊ မဟာအောင်မြေမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မနှင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ ဆရာတော်များမှ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၂၄ ရက်မှ ဧပြီ ၃၀ ရက်အထိ ခုနစ်ရက်တိုင်တိုင် နေ့၊ ညမပြတ် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်သည်။

အဆိုပါ (၂၆)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တရားလွှတ်တော်ရှေ့နေ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများ မဟာအောင်မြေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်များ၊ ရဲမွန်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်နာယူပူဇော်ခဲ့ကြပြီး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲကို ဧပြီ ၃၀ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၅၆)

# ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

မန္တလေး ဧပြီ ၂၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးမြို့နေ အလှူရှင် ဦးသိန်းဟန်၊ ဇနီး ဒေါ်နှင်းရီ(ဆည်မြောင်း)မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ သင်တန်းကျောင်း ဥပဌ္ဌမ္ဘကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မဏီဇောတဓရ ဦးချစ်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A)က လှူဒါန်းမှုအတွက် ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်ကြောင်း သိရသည်။

(အောက်ပုံ) PNT




# ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း

မန္တလေး ဧပြီ ၂၄

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ ဆွမ်းပဒေသာပင်အလှူငွေ စိုက်ထူလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အလှူရှင် ကွယ်လွန်သူ



မိဘများဖြစ်ကြသော (ဖခင်ကြီး) ဦးကိုလေး+(မိခင်ကြီး)ဒေါ်အမာကြည်တို့အား ရည်စူး၍ "ရွှေလီမော်"မိသားစု၊ မန္တလေးမြို့က ဆွမ်းပဒေသာပင်အလှူငွေ (ယခင်) လှူဒါန်းပြီး ငွေကျပ်သိန်း ၆၀ အပါအဝင် (ယခု) ထပ်မံစိုက်ထူလှူဒါန်းငွေကျပ် ၁၀ သိန်း၊ စုစုပေါင်း ဆွမ်းပဒေသာပင်အလှူငွေကျပ်သိန်း ၇၀ ကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)သုတေသန ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန ဌာနမှူး ဒေါက်တာဘဒ္ဒန္တစန္ဒာဝရထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ရေစက်ချအနုမောဒနာ တရား ဟောကြားချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (မန္တလေးနေ့စဉ်-၁)

# ဌာနဆိုင်ရာဝန်ထမ်းများအား စားအုန်းဆီ ၆၈၉၈ ပိဿာ ရောင်းချပေး

စဉ့်ကိုင် ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ခရိုင်ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ပြည်သူများ စားဝတ်နေရေး ပိုမိုအဆင်ပြေစေရန်နှင့် စားနပ်ရိက္ခာဖူလုံရေးကို ရည်ရွယ်ကာ ရပ်ကွက်၊ ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ဌာနဆိုင်ရာရုံးများတွင် သက်သာသောနှုန်းထားဖြင့် စားအုန်းဆီများကို စဉ်ဆက်မပြတ် ရောင်းချလျက်ရှိရာ ဧပြီ ၂၃ ရက် နံနက်ပိုင်းက စားသုံးဆီအရောင်းဆိုင်များ၌ ဌာနဆိုင်ရာဝန်ထမ်း ၃၄၄၉ ဦးအား စားအုန်းဆီ ၆၈၉၈ ပိဿာ ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် ကျောက်ဆည်ခရိုင် ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်းအဖွဲ့ဝင်များဖြစ်ကြသည့် စဉ့်ကိုင်မြို့နယ်အတွင်းမှ ဦးကျော်ထွန်း၊ ဦးအောင်ကြိုင်၊ ဦးအောင်ကြည်စိုး၊ ဦးကျော်ဆွေဝင်း၊ ဦးစိုးမောင်၊ ဦးအောင်ခိုင်မိုး၊ ဒေါ်ကေသီထွန်း၊ ဦးအောင်နိုင်ဦး၊ ဦးရဲဝင်းထွန်း၊ ဒေါ်ရီမွန်၊ Central Myanmar စသည့် ဆီအရောင်းဆိုင် ကိုယ်စားလှယ် ၁၁ ဦးတို့က စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၈၃၅၀ နှုန်းဖြင့် ဌာနဆိုင်ရာဝန်ထမ်း ၃၄၄၉ ဦးအား တစ်ဦးလျှင် နှစ်ပိဿာနှုန်းဖြင့် ဆီပိဿာပေါင်း ၆၈၉၈ ပိဿာ ရောင်းချပေးခဲ့ကြောင်း ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန စဉ့်ကိုင်မြို့နယ်တာဝန်ခံ ဦးစိုးလွင်ထံမှ သိရသည်။

(အောက်ပုံ)

ကျော်စွာ(စဉ့်ကိုင်)



# မုံရွာမြို့ လူငယ်ဖွံ့ဖြိုးရေးပရဟိတသင်တန်းကျောင်းမှ ကျောင်းသားအသစ်များ လက်ခံလျက်ရှိ

မုံရွာ ဧပြီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ သလ္လာရပ်ကွက်၊ ပေ ၈၀ လမ်းရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတသင်တန်းကျောင်းမှ ကျောင်းသားအသစ်များ လက်ခံလျက်ရှိရာ စည်းကမ်းနှင့်ကိုက်ညီသူ ကျောင်းသား(ယောက်ျားလေး)များ ပို့ဆောင်အပ်နှံပေးကြရန် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ သင်တန်းကျောင်းအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

သင်တန်းကျောင်းမှ လက်ခံရာတွင် အသက်လေးနှစ်မှ ခုနစ်နှစ်အတွင်း ကူးစက်ရောဂါကင်းရှင်း၍ ကျန်းမာသန်စွမ်းသူဖြစ်ရမည်ဖြစ်ပြီး မိဘနှစ်ပါးမရှိသူ၊ အမိ(သို့မဟုတ်)အဘ တစ်ဦးဦးမရှိသူ၊ မိဘနှစ်ပါးလုံးရှိသော်လည်း စားဝတ်နေရေးနှင့် ပညာသင်ကြားရေးခက်ခဲသူ ဖြစ်ရမည်ဖြစ်သည်။

သင်တန်းကျောင်းသို့ ပို့ဆောင်အပ်နှံရာတွင် မိဘ၊ ဆွေမျိုးရင်းချာ၊ ဘုန်းတော်ကြီး၊ ဆရာ၊ ဆရာမများက တာဝန်ယူ၍ ကျေးရွာရပ်ကွက်တွင် အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်ဖြစ်သလို မိဘမှတ်ပုံတင်(မူရင်း)၊ မိတ္တူရှိပါက ယူဆောင်လာရမည်ဖြစ်သည်။

သင်တန်းကျောင်းမှ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ သုံးကြိမ် အာဟာရကျွေးမွေးမည်ဖြစ်ပြီး သူငယ်တန်းမှတက္ကသိုလ် (ဘွဲ့ရ)သည်အထိ ပညာရေးထူးချွန်သူများကို ဆုံးခန်းတိုင်အောင် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ကျောင်းပြင်ပ ပညာရေးကိုလည်း တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

သင်တန်းကျောင်းမှ ကျောင်းသားတစ်ဦးစီအတွက် ခုတင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင်နှင့် ဝတ်စုံ အနည်းဆုံး သုံးစုံရရှိမည်ဖြစ်ပြီး ကျန်းမာရေးအတွက် စေတနာရှင်ဆရာဝန်ကြီးများနှင့် ပြည်သူ့ဆေးရုံတို့က တာဝန်ယူစောင့်ရှောက်ပေးသွားမည်ဖြစ်သည်။

သင်တန်းကျောင်းနှင့် ဆက်သွယ်ဆောင်ရွက်လိုသူများသည် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဖုန်း ၀၉-၂၁၃၀၅၅၊ ၀၉-၄၀၇၀၇၉၂၂၀၊ အတွင်းရေးမှူး ဖုန်း ၀၉-၄၄၀၁၅၈၁၉၁၊ ၀၉-၉၆၃၀၀၆၆၈၆၊ ဘဏ္ဍာရေးမှူး ဖုန်း ၀၉-၉၆၂၁၃၂၇၄၃၊ သင်တန်းကျောင်းဖုန်း ၀၉-၄၂၄၉၈၂၆၈၂၊ ၀၉-၉၈၇၂၈၄၀၇၁ နှင့် အုပ်ချုပ်ရေးမှူး ဖုန်း ၀၉-၉၈၂၉၆၇၇၈၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၃၉၄)

# မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်း

မန္တလေး ဧပြီ ၂၄

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေး ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ ရှိ ရှဲဒိုးကဖေးတွင် ကျင်းပသည်။

အခမ်းအနားတွင် ၂၀၂၆ ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲတွင် ပါဝင်ခဲ့သူများက ငွေကျပ် ၂၃၃ သိန်း ခုနစ်သောင်း ခုနစ်ထောင်၊ ဆရာကြီး ဦးခင်မောင်ကြီး+ဒေါက်တာဒေါ်ခင်မေလင်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစန်းမင်းအေး (ပထဝီ)က ငွေကျပ်တစ်သိန်း၊ ဒေါ်သီဂီ(သတ္တဗေဒ)က ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ နာယကဆရာကြီး ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးပိုမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။




(ဝဲပုံ)

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် ၂၀၂၃ ခုနှစ်၊ မေ ၂၃ ရက်မှစ၍ ၂၀၂၆ခုနှစ်၊ ဧပြီ ၂၃ ရက်အထိ ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၃၈၉ ဦးအတွက် ဂါရဝပြုငွေကျပ် သိန်း ၈၂၀ ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။ (၀၄၅)

# မန္တလေးတက္ကသိုလ်၏ ပထမဦးဆုံး သုတေသနစာအုပ်

တက္ကသိုလ်နှင့်သုတေသန၊ သုတေသနနှင့် တက္ကသိုလ်ဟူသည် ခွဲခြား၍မရနိုင်သော ဒင်္ဂါးပြားတစ်ခု၏ ခေါင်းနှင့် ပန်းပမာပင်။ မျက်မှောက်ကာလတွင် တက္ကသိုလ်ဆိုသည်မှာ မိမိတည်ရာဒေသဝန်းကျင်ကို သုတေသနနှင့် အကျိုးပြုနိုင်ရမည်ဟူသော အယူအဆပင်။

အတိတ်ကာလကိုပြန်ကြည့်လျှင် လွတ်လပ်ပြီးစ မြန်မာနိုင်ငံ ၁၉၅၂ ခုနှစ်ကာလ မန္တလေးတက္ကသိုလ်၌ ကျောင်းသုတေသနအဖွဲ့ ဖွဲ့စည်းတည်ထောင်၍ ပြဋ္ဌာန်းဘာသာရပ်များအတွက်သင်ရိုးနှင့် အထောက်အကူပြုစာအုပ်များ ထုတ်ဝေနိုင်ခဲ့သည်ဆိုက သင် အံ့သြမည်လား။

**တက္ကသိုလ်သမိုင်းနှင့် မန္တလေးဥပစာကောလိပ်**

ကိုလိုနီခေတ်မြန်မာနိုင်ငံတွင် ၁၉၂၀ ပြည့်နှစ်အထိ တက္ကသိုလ်ဟူ၍ မရှိသေးချေ။ ကယ်(လ)ကတ္တား တက္ကသိုလ်၏လက်အောက်ခံ ရန်ကုန်အစိုးရကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ဟူ၍ နှစ်ခုသာရှိခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရသည် မြန်မာပြည်သူလူထု၏ တောင်းဆိုမှုကြောင့် အထက်ပါရှိနှင့်ပြီးသော ကောလိပ်နှစ်ခုကို စုစည်းကာ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁ရက်တွင် ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ၁၉၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံ မန္တလေးဥပစာကောလိပ်ကို ဖွင့်လှစ်ပေးခဲ့ပြီး ၁၉၃၆ ခုနှစ်တွင် မန္တလေးစိုက်ပျိုးရေးကောလိပ်ကို တက္ကသိုလ်၏အပေါင်းပါ ကောလိပ်အဖြစ် ဖွင့်လှစ်ပေးသည်။ စိုက်ပျိုးရေးကောလိပ်သည် နောက်ပိုင်းတွင် ဒီဂရီတန်းအထိသင်ကြားပေးသည်။ အမိမန္တလေးတက္ကသိုလ်ကား ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၄ ရက်တွင် နှစ်တစ်ရာသက်တမ်းသို့ ပြည့်မြောက်ခဲ့လေပြီ။

**မန္တလေးတက္ကသိုလ်ကျောင်းသုတေသနအဖွဲ့ ဖွဲ့စည်းခြင်း**

စစ်ပြီးခေတ်လွတ်လပ်ရေးရစ အချိန်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခဆရာကြီး ဦးအေးမောင် ဦးစီးလျက် ကျောင်းသုံးစာအုပ်များကို ထုတ်ဝေခဲ့သည်။ အချို့ရှိပြီးသော စာမူဟောင်းများကို တည်းဖြတ်ပြင်ဆင်ခဲ့သည်။

ထို့အတူ မန္တလေးတက္ကသိုလ် မြန်မာစာဌာနသည်လည်း ရန်ကုန်တက္ကသိုလ် ပါမောက္ခဆရာကြီး ဦးအေးမောင်၏ နည်းပြလမ်းညွှန်မှုကို ခံယူလျက် ထိုစဉ်က မန္တလေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးကိုလေး၏ ကြီးကြပ်စီမံမှုဖြင့် တက္ကသိုလ်ကျောင်းသုတေသနအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်များအဖြစ် စိုက်ပျိုးရေးမဟာဌာနမှူး ဦးလှအုန်းနှင့် မန္တလေးတက္ကသိုလ်ဘာသာရပ်ဆိုင်ရာ ဌာနမှူးများ ပါဝင်သည်။

**သုတေသနအဖွဲ့၏ ရည်ရွယ်ချက်**

- ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သုတေသနလုပ်ငန်းကို လုပ်ဆောင်ရန်နှင့်
- ဌာနအသီးသီးမှ သုတေသနပြုလုပ်ခဲ့သော စာအုပ်၊စာတမ်းများ ဘာသာပြန်စာမူများကို ပုံနှိပ်ထုတ်ဝေရန်ဖြစ်သည်။ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ကိုလည်း မန္တလေးတက္ကသိုလ်၌ စနစ်တကျဖွဲ့စည်းခဲ့ကြောင်း မှတ်တမ်းတွေ့ရသည်။

**ပထမဆုံးသုတေသနစာအုပ်**

ထိုအချိန်က မန္တလေးတက္ကသိုလ် မြန်မာစာဌာနက ဥပစာတန်းအပိုင်း(ခ)ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် မင်းတုန်းမင်းကြီးလက်ထက် စာတော်ဖတ်အဖြစ် မြှောက်စားခြင်းခံရသော စာတော်ဖတ် ဦးကြော့ပြုစုသည့် "စုံနံ့သာမြိုင်" ရှာပုံတော်ကြီးကို တက္ကသိုလ်ကျောင်းသုတေသန စာစဉ်(၁)အဖြစ်ထုတ်ဝေခဲ့သည်။ ထုတ်ဝေရသည့်အကြောင်းမှာ "ဤပြဋ္ဌာန်းစာကို ကျောင်းသားများသည် ပြင်ပတွင် ခက်ခဲစွာ ရှာဖွေဝယ်ယူနေရသောကြောင့်" ဟု ဆိုသည်။

မန္တလေးတက္ကသိုလ်သုတေသနအဖွဲ့မှ ပထမဆုံးစာစဉ်(၁)အဖြစ် ထုတ်ဝေသော "စုံနံ့သာမြိုင်နှင့် ရှာပုံတော်ကြီးများ" စာအုပ်ကို ပါမောက္ခ ဦးချမ်းမြမဟာဝိဇ္ဇာ(ဂုဏ်ထူး)ကြီးကြပ်၍ ကထိက ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)မြန်မာစာပေဌာနက တည်းဖြတ်ပါသည်။

စာအုပ်၏မာတိကာတွင် (၁)နိဒါန်း၊ (၂)ဦးကြော့၏အတ္ထုပ္ပတ္တိ၊ (၃)ရှာပုံတော်ကြီးဟူသော ဝေါဟာရ၊ (၄) စုံနံ့သာမြိုင်ဝေဖန်ချက်၊ (၅)အလွမ်းစာဆို ဦးကြော့၊ (၆) စုံနံ့သာမြိုင်ရှာပုံတော်ကြီး၏ ရည်ရွယ်ချက်၊ (၇)တောလားခေါ်ဆိုမည်လော…စသည်ဖြင့် ခေါင်းစဉ်ခွဲပေါင်း (၂၃)ခု ပါရှိသည်။ နိဒါန်းကို ဦးမောင်မောင်တင် (ကထိက) မြန်မာစာပေဌာနက မန္တလေးတက္ကသိုလ်ကပင် ရေး၍ စာမျက်နှာ ၇၂ မျက်နှာပါရှိသည်။

ဦးကြော့ကို မြန်မာနိုင်ငံအလယ်ပိုင်း တောင်တွင်းကြီးမြို့နယ်၊ နတ်မောက်မြို့အနီး မြို့ကုန်းရွာ(ကိုင်းရွာ)တွင် ဖွားမြင်သည်။ ကဗျာပန်းကုံးပါ နတ်မောက်ဦးဉာဏ်ရှိန်၏ ရေးသားဖော်ပြချက်အရ သက္ကရာဇ် ၁၂၀၁ ခုနှစ်တွင် ဖွားမြင်၍ ၁၂၅၁ ခုနှစ်တွင် အနိစ္စရောက်သည်။ ငယ်စဉ်က နတ်မောက်မြို့ သိမ်တော်ကျောင်းတွင် ပညာသင်ကြားသည်။ စာပေမှတ်တမ်းများ၌ ဦးကြော့သည် အမည်နှင့် လိုက်အောင် ပုံပန်းသဏ္ဌာန် ကြော့ကြော့မော့မော့နှင့် ယဉ်ယဉ်ကျေးကျေး သိမ်မွေ့သူ တစ်ဦးဖြစ်သည်ဟု ဆိုသည်။

ဦးကြော့ငယ်စဉ်က ပညာသင်ကြားခဲ့သော နတ်မောက်မြို့ သိမ်တော်ကျောင်းသည် ရှေးက တောင်တွင်းစာဆိုအကျော် ရှင်အဂ္ဂသမာဓိ သီတင်းသုံးခဲ့သော ကျောင်းဖြစ်ခဲ့သည်။ ဦးကြော့သည် ထိုကျောင်း၌ နားခံတော် စောလှမြို့စား မင်းလှရာဇာကျော်ထင်ဖွဲ့ဆိုသော စန္ဒကိန္နရီပျို့အပါအဝင် ပျို့ကဗျာများကို နှုတ်တိုက်အာဂုံဆောင်ခဲ့သည်ဟု ဆိုသည်။

**မန္တလေးနေပြည်တော်သို့ ရောက်ရှိလာပုံ**

ဘဝရှင်မင်းတုန်းမင်းတရားကြီးလက်ထက်၌ နေမျိုးဘိသက္ကသူရနော်ရထာဘွဲ့ခံသမားတော်ကြီး ဦးကျော်ဖံသည် တောင်တွင်းနယ်မှ မောင်ကြော့နှင့် မောင်မင်းမောင်တို့ကို မန္တလေး-နေပြည်တော် မင်းတုန်းမင်းတရားကြီးထံ၌ အမှုတော်ထမ်းရန် ခေါ်ဆောင်လာခဲ့သည်။ ပထမဦးစွာ ဦးကြော့သည် ရွှေတိုက်ဝန်ကြီးထံ၌ စာရေးအဖြစ် ခန့်အပ်ခံရပြီး ကဗျာ၊ လင်္ကာဖတ်ရှုမှုတွင် ကျွမ်းကျင်ကြောင်း သိရသဖြင့် နောင်တွင် မင်းတုန်းမင်းတရားကြီး၏ စာတော်ဖတ်အဖြစ် ခန့်အပ်ခံရသည်။

ထိုမှ "စုံနံ့သာမြိုင်" ရှာပုံတော် ဝိုချင်းရှည်ကဗျာကြီးကို ရေးသားဆက်သွင်းရာ မင်းကြီးကနှစ်သက်သဖြင့် စာတော်ဖတ်ဦးကြော့မှ စုံနံ့သာမြိုင် ဦးကြော့ဟု ခေါ်စမှတ်ပြုကြသည်။ "ရှာပုံတော်ကြီး" ဟူသော ဝေါဟာရကို ဆန်းစစ်ကြည့်လျှင် မင်းသား၊ မင်းသမီးတို့က မိမိတို့၏ ကြင်ဖော်သက်ဝေ ပျောက်နေသည့်ဟန် ရေးသားစီကုံးထားခြင်းဖြစ်သည်။ တစ်နည်း မင်းသား၊ မင်းသမီးတို့၏ အပူတပြင်းလိုက်လံရှာဖွေနေကြသည့် ကိုယ်ဟန်အမူအရာပင်ဖြစ်သည်။

**ဦးကြော့နှင့် မှန်နန်းအပျိုတော် မပုရစ်**

ကိုရီးယား ဂန္ထဝင်ရုပ်ရှင်ဇာတ်ကား "ဂျူမုံ"တွင် ဂျူမုံမင်းသားလေးသည် နတ်နန်းအပျိုတော် တော်ဝင်တစ်ဦးကို တိတ်တဆိတ်ကျိစယ်မိရာမှ နယ်စားမင်းကြီးသိသွားပြီး မင်းသားအရာမှချကာ နန်းတော်ပြင်ပသို့ နှင်ထုတ်ခဲ့သည်။ တကယ်တော့ နတ်နန်းအပျိုတော်များသည် နယ်စားမင်း၏ မင်းဘဏ္ဍာမိဖုရားလောင်းများပင်မဟုတ်ပါလော့။ ထို့အတူ ဦးကြော့သည်လည်း မင်းတုန်းမင်းကြီး၏ စာတော်ဖတ်အဖြစ် အမှုထမ်းနေစဉ် မှန်နန်းအပျိုတော် မပုရစ်နှင့် လူငယ်သဘာဝ ရည်ငံမိလေသည်။

**မှန်နန်းအပျိုတော်ဆိုသည်မှာ**

မှန်နန်းအပျိုတော်ဆိုသည်မှာ သာမန်နှင့်အမှုထမ်းခွင့်မရ။ အမျိုးအနွယ်အားဖြင့် မှူးကြီး၊ မတ်ကြီးတို့၏ သမီးများ၊ ဘုရင်မင်းမြတ်၏ ဆွေတော်မျိုးတော်များမှ ဆင်းသက်လာသူများ၊ စော်ဘွား၊ မြို့စားတို့၏ ရင်သွေးကညာများဖြစ်သည့်အပြင် ခြောက်ပစ်ကင်း ရုပ်ရည်ချောမောသူများသာ အပျိုတော်အဖြစ် ခစားခွင့်ရရှိလေသည်။

မှန်နန်းအပျိုတော်များသည် ဝဲလှည့်တစ်ရက်၊ ယာလှည့်တစ်ရက် မှန်နန်းတော်သို့ဝင်၍ ခစားရသည်။ ဘုရင်၏ မိဖုရားလောင်းများဖြစ်သဖြင့် အနက်ရောင်သလွန်နှင့် အိပ်ကြရသည်။ မိဖုရားအရာသို့ တိုးမြှင့်လိုက်သည်နှင့်တစ်ပြိုင်နက် ထိုသလွန်ကို ရွှေပိန်းထည့်ပေးရသည်ဟု ရွှေနန်းသုံး ဝေါဟာရအဘိဓာန်က ဖွင့်ဆိုသည်။

ဤသို့ မောင်ကြော့နှင့် မပုရစ်တို့ ရည်ငံနေကြစဉ် တစ်နေ့သော

၁၉၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံ မန္တလေးဥပစာကောလိပ်ကို ဖွင့်လှစ်ပေးခဲ့ပြီး ၁၉၃၆ ခုနှစ်တွင် မန္တလေးစိုက်ပျိုးရေးကောလိပ်ကို တက္ကသိုလ်၏အပေါင်းပါ ကောလိပ်အဖြစ် ဖွင့်လှစ်ပေးသည်။ စိုက်ပျိုးရေးကောလိပ်သည် နောက်ပိုင်းတွင် ဒီဂရီတန်းအထိသင်ကြားပေးသည်။ အမိမန္တလေးတက္ကသိုလ်ကား ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၄ ရက်တွင် နှစ်တစ်ရာသက်တမ်းသို့ ပြည့်မြောက်ခဲ့လေပြီ။

အခါ မပုရစ်သည် ကွမ်းသီးဖက်ဆေးလိပ်တစ်လိပ်ကို မောင်ကြော့အား လှမ်းပစ်ပေးလေသည်။ ထိုအမူအရာကို သူငယ်ချင်းဖြစ်သူ မောင်မင်းမောင်က မြင်၍ စိုးရိမ်မကင်းဖြစ်ကာ သမားတော်ကြီး ဦးကျော်ဖံကို တိုင်လေသည်။

မောင်ကြော့ကို ရွှေမြို့တော်တွင်ထားလျှင် ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် ဒုက္ခရောက်မည်ကို ဦးကျော်ဖံက ကြိုတင်တွေးဆကာ တောင်တွင်းကြီးမြို့ ခရိုင်ဝန်သံတော်ဆင့်မင်းကြီး မင်းလှမဟာမင်းထင်ထံသို့ အပ်နှံပို့ဆောင်လေသည်။ မင်းလှမဟာမင်းထင်ထံတွင် ရှေ့ဘတ်ဝန်စာရေးအဖြစ် အမှုထမ်းရသည်။

"ရပ်မြေပြင် သည်အလှည့်မှာတော့၊ ခတ်ရွှေရင် ပလီခဲ့တာမို့၊ ယဉ်နွဲ့နွဲ့ခိုင်စပယ်ငယ်၊ မြိုင်လယ်မှ ကြိုင်လျှောင်း"

အထက်ပါ ဦးကြော့၏ "ပုရစ်ဖူးချိန်" လေးချိုးကဗျာပါ စာသားအတိုင်း ဦးကြော့သည် ရင်ခတ်ပန်းနှင့် နှိုင်းတင့်နိုးသည့် မှန်နန်းတော် အပျိုတော် မပုရစ်နှင့် ဖူးစာမင်ရည်ကျဲကာ၊ တောင်တွင်းနယ်မှ ခိုင်စံပယ်နှင့် ခိုင်းနှိုင်းရမည့် မမင်းရံဆိုသူနှင့် အိမ်ထောင်ကျလေသည်။ ဦးကြော့သည် သူငယ်ချင်း ဦးမင်းမောင် ရွှေမြို့တော်အခွန်ဝန်ဘဝမှ တောင်တွင်း၊ ပင်း၊ ဝွေးချို သုံးမြို့ဝန်ဖြစ်လာသောအခါ ဝွေးချိုသို့ ပြောင်းရွှေ့နေထိုင်ကြောင်းသိရသည်။ ထို့ပြင် ရေနံချောင်းမြို့စား၊ မြင်းဝန်မဟာမင်းခေါင်ကျော်ထံ၌လည်း အမှုထမ်းခဲ့ကြောင်း သူရေးသည့်စာများအရ သိရသည်။

ဦးကြော့သည် ကဗျာ၊ လင်္ကာအရာ၌ ပါရဂူမြောက် ကျွမ်းကျင်သူဟု ဆိုနိုင်သည်။ ပတ်ပျိုး သီချင်းများ၊ လေးဆစ်သဖြန်များ၊ သံချိုကဗျာများ၊ လွမ်းချင်းများကို ရေးသားခဲ့သည်။ "ပိတောက်ပန်း" သံချိုလေးချိုးကဗျာမှာ ခေတ်အဆက်ဆက် ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်းခံရသည်။

မှန်နန်းဆောင်အပျိုတော် မပုရစ်ကမူ ဦးကြော့ရေးသည့် စုံနံ့သာမြိုင် ရှာပုံတော်ထဲက မင်းသမီးကလေးပမာ တောအသွယ်သွယ်၊ တောင်ထပ်ထပ် "မင်းသားပျောက်ရှာပုံတော်ဖွင့်ခဲ့လေသလား" ဆိုသည်ကိုမူ နောင်းလူတို့ မသိနိုင်တော့ပါ။

ရှင်ဥတ္တမကျော်သည် တောလားတစ်မျိုးတည်းဖြင့်လည်းကောင်း၊ ဦးတိုးသည် ရာမရကန် တစ်စောင်တည်းဖြင့်လည်းကောင်း ထိပ်တန်းစာဆိုဘဝရောက်ရသကဲ့သို့ စာတော်ဖတ် ဦးကြော့သည်လည်း စုံနံ့သာမြိုင်ရှာပုံတော်ကြီး တစ်ပုဒ်တည်းဖြင့် တံခွန်စိုက်စာဆိုဘဝသို့ ရောက်ရလေသည်။

အချုပ်အားဖြင့် မန္တလေးတက္ကသိုလ်ကျောင်းသုတေသနအဖွဲ့မှ ထုတ်ဝေသော "စုံနံ့သာမြိုင်နှင့် ရှာပုံတော်ကြီးများ" စာအုပ်ကို ၁၃၁၅ ခုနှစ်တွင် ပထမဦးဆုံးပုံနှိပ်ကာ ဒုတိယအကြိမ် (၁၃၁၇)၊ တတိယအကြိမ်(၁၃၂၁)၊ စတုတ္ထအကြိမ်(၁၃၂၃)နှင့် ပဉ္စမအကြိမ် (၁၃၂၅)ဟူ၍ အကြိမ်ကြိမ် ရိုက်နှိပ်ရကြောင်း သိရသည်။ ထို့ပြင် မန္တလေးမြို့ ၂၆-ဘီလမ်း၊ ပွဲကုန်းရပ်၊ တက်နေလင်းပုံနှိပ်တိုက်မှ ရိုက်နှိပ်၍ တန်ဖိုး ငွေ(၁)ကျပ် (၅၀)ပြား ဖြစ်ကြောင်း မှတ်တမ်းတွေ့ရသည်။

သန်းစိုးအောင်

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ် (ခ/၂)၊ ဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးမောင်မောင်နိုင်(ဘ)ဦးတင်အောင်(PTI-၀၃၅၅၁၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သိန်း(ဘ)ဦးမောင်စိန်က ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးမော်(LL.B) ဒေါ်စင်စင်ဖြိုး(LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**၆၃လမ်း၊ ၂၅လမ်းနှင့်၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၉၉၇၄၊ ၀၉-၄၀၁၅၁၇၇၇၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာ၊ အကွက်အမှတ်(၄၉၃/သရက်ကုန်းအရှေ့)၊ ဦးပိုင်အမှတ် (၁၀/၁)၊ ဧရိယာ(၀ ဒသမ ၃၇)ဧကရှိ ဦးဗိုင်းထွန်းတိုက်ကွဲလ်အမည်ပေါက်ဂရန်မြေကွက် အတွင်းမှ မြေကွက်အမှတ်(B-3)၊ ဧရိယာပေ(၃၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် လွှဲပြောင်း ရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်နီလာမင်း(ဘ)ဦးလှမင်း(၉/မနမ(နိုင်)၀၅၇၃၉၅)နှင့် ဒေါ်ခင်ကျော့မင်း(ဘ)ဦးလှမင်း(၉/မနမ(နိုင်)၀၅၇၃၉၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဌေး(ဘ) ဦးအုန်း(၉/ပသက(နိုင်)၀၀၂၁၁၂)က ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေ အချို့အဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးမော်(LL.B) ဒေါ်စင်စင်ဖြိုး(LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**၆၃လမ်း၊ ၂၅လမ်းနှင့်၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၉၉၇၄၊ ၀၉-၄၀၁၅၁၇၇၇၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ကက-၆)၊ ဦးပိုင်အမှတ် (၃၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးချစ်သူဦး(ဘ)ဦးကျော်သက်(၉/ခမစ(နိုင်)၀၄၈၈၈၀) ကိုင်ဆောင်သူမှ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ယခုအခါ ယင်းမြေကွက်အတွက် သက်ဆိုင်ရာဌာနများ မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်ဇေယျ (LL.B,DBL,DIL)**

**တရားလွှတ်တော်ရှေ့နေ**

**၅၈လမ်းနှင့်၁၉(အေ)လမ်း၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၅၀၈၉၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်အမှတ် (၆၃+၆၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်(၂)ကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငွေးဝင်း(ခ)တန်စိုက်စိန်(ဘ)ဦးတန်ဟုတ်လှိုင်(ခ)ဦးဝင်းစိန်(၁၂/ဥကမ(နိုင်)၀၀၀၅၅၆) ကိုင်ဆောင်သူမှ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ယခုအခါ ယင်းမြေကွက်အတွက် သက်ဆိုင်ရာဌာနများ မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်ဇေယျ (LL.B,DBL,DIL)**

**တရားလွှတ်တော်ရှေ့နေ**

**၅၈လမ်းနှင့်၁၉(အေ)လမ်း၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၅၀၈၉၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာ၊ အိမ်နီလမ်း၊ အိမ်အမှတ်(၁၀၇)တွင် နေထိုင်သူ ဒေါ်ဟန်နီသစ်ထွန်း(ဘ)ဦးဖုန်းသစ်ထွန်း မှတ်ပုံတင်အမှတ်(၉/ပသက(နိုင်)၁၀၁၁၃၄)နှင့် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကျောက်ဖူးကျေးရွာနေ ဦးဝေဖြိုးကျော်(ဘ)ဦးဝင်းမြင့် မှတ်ပုံတင်အမှတ်(၈/ရစက(နိုင်)၁၇၈၉၅၅) ကိုင်ဆောင်သူတို့သည် (၂၀၁၇)ခုနှစ်တွင် အကြင်လင်မယားအဖြစ် တရားဝင်ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး သားဖြစ်သူ မောင်သုတဖြိုးထွန်း အသက်(၈)နှစ်နှင့် သမီးဖြစ်သူ မဟေသာဖြိုးဟန် အသက်(၂)နှစ် ထွန်းခဲ့ပါသည်။

ထို့ကြောင့် ယနေ့အချိန်ထိ ဦးဝေဖြိုးကျော်နှင့် ကျွန်မ ဒေါ်ဟန်နီသစ်ထွန်းတို့မှာ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းလျက်ရှိနေပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဟန်နီသစ်ထွန်း လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးအောင်သီဟ(LL.B,D.I.L) ဦးထက်မောင်မောင်(LL.B)**

**(တရားလွှတ်တော်ရှေ့နေ) (အထက်တန်းရှေ့နေ)**

**လမ်း၆၀၊ ၂၂(B)လမ်း၊ နဝရတ်လမ်းသွယ်၊**

**မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၇၈၀၅၁၃၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၇)၊ ဦးပိုင်အမှတ် (၂၁+၃၄)၊ ဧရိယာ(၀ ဒသမ ၁၂၄)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အတွင်းမှ ဦးပိုင်အမှတ်(၂၁) မြေကွက်၏ တောင်ဘက်ခြမ်း ဧရိယာ(ပေ၃၀×၄၅ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်မူရှိန်(ဘ)ဦးရီတင်(၉/မရတ(နိုင်)၀၈၃၁၇၄) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေများက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နိုင်နိုင်နွယ် (LL.B, LL.M, D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(ဓဓ-၁၃/၁၂)၊ (ဆ)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၆၂၄၉၈၁၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၆)၊ ဦးပိုင်အမှတ် (၁၇-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅) ဧက အကျယ်အဝန်းရှိ ဒေါ်စန္ဒာကျော် ပါ-၄ဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး)အစုံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်သိမ့်သိမ့်ထူး(ဘ)ဦးပေါများ(၉/မရမ(နိုင်)၀၀၀၄၀၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန်းရွှေစင်ငယ် (LL.B) ဒေါ်တွယ်တာဝင်းနိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**

**"Easy" အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း**

**၃၃လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၈၇၃၈၀၁၉၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ် (နန-၅)၊ ဦးပိုင်အမှတ် (၃၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသန်း အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာပေ (၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ၁။ ဦးငွေလွင်(ဘ)ဦးခင်မောင်(၈/အလန(နိုင်)၁၃၅၄၇၆)၊ ၂။ ဒေါ်မြင့်မြင့်သန်း(ဘ)ဦးကြီးမောင်(၈/အလန(နိုင်)၁၃၅၄၇၇)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နိုင်နိုင်နွယ် (LL.B, LL.M, D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(ဓဓ-၁၃/၁၂)၊ (ဆ)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၀)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ မြေကွက်အတွင်းမှအလယ်ပိုင်း ဧရိယာ ပေ(၂၀×၄၀) အကျယ်အဝန်းရှိ ဒေါ်တင်မြင့် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးမောင်ဝေ(ဘ)ဦးဘဝင်း(၅/ကနန(နိုင်)၀၃၅၀၄၆)(ဒေါ်တင်မြင့်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သက်သက်မာ (LL.B,D.B.L) ဒေါ်ချိုချိုသင်း (LL.B,D.B.L) ဒေါ်ရွှေရည်ဝင်း (LL.B)**

**(စဉ်-၁၂၃၈၀) (စဉ်-၁၃၂၉၉) (စဉ်-၂၀၂၃၀)**

**တရားလွှတ်တော်ရှေ့နေများ**

**တံခွန်တိုင်၊ ဈေးတန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၄၄၀၁၄၁၉၂၊ ၀၉-၉၆၉၇၅၉၃၃၂။**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ဦးရဲမိုးအောင်(၉/ခမစ(နိုင်)၀၆၁၆၁၆)နှင့် ဒေါ်ရွှေဇင်ဦး(၉/ခမစ(နိုင်)၀၇၆၉၇၆)တို့သည် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် (၁၂-၄-၂၀၂၆)ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို အသိသက်သေများနှင့် ပြုလုပ်ကွာရှင်းပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြတ်စဲပြီးနောက်ပိုင်း တစ်ဦးနှင့်တစ်ဦး သက်ဆိုင်ခြင်းမရှိတော့သဖြင့် ဒေါ်ရွှေဇင်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စများနှင့် ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ဆောင်ရွက်ပါက တရားဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေဇင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးလင်းထက်ဦး(စဉ်-၄၈၁၃၀)**

**အထက်တန်းရှေ့နေ**

## ကြော်ငြာစာ

